

နပိုလီယမ်ဟေးလ်၏ ကမ္ဘာတည်မယ့်အတွေးအမြင်များ

ဇေရတု-မြန်မာပြန်



NAPOLEON HILL'S
TIMELESS THOUGHTS
FOR TODAY



နပိုလီယမ်ဟေးလ်၏ ကမ္ဘာတည်မယ့်အတွေးအမြင်များ

ဇေရတု-မြန်မာပြန်

ISBN9789997112156
ZYT43
9 789997 112156
3,500.00KS

နိုပိုလီယမ်ဟားလ်၏ကမ္ဘာတည်မယ့်အတွေးအမြင်များ ဇေရတု
အပြင်အဆင်-အမ်အက်စ်အို၊ စာမျက်နှာ ၃၁၃+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး စိတ်ကူးချိုချိုစာပေ(၀၀၅၃၃၇)၊ ၈၅၊ ဘဉ့်လမ်း တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း ရန်ကင်း။
၂၀၁၆၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃ ၅ ၀ ၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

စိတ်ကူးချိုချိုစာအုပ်

နပိုလီယမ်ဟေးလ်၏ ကမ္ဘာတည်မယ့် အတွေးအမြင်များ

Napoleon Hill's TIMELESS THOUGHTS FOR TODAY

ဇေရတု
မြန်မာပြန်

ဝေဆေးအကြီးပ်၊ ၂၀၁၆

မာတိကာ

နိဒါန်း

နပိုလီယံဟေးလ်ကို ၁၈၈၃ ခုနှစ်တွင် ဗာဂျီးနီးယားပြည်နယ် အနောက် တောင်ပိုင်းရှိ မြေမျက်နှာပြင် ကြမ်းတမ်းသော တောင်တန်းများ တည်ရှိရာအရပ်၌ မွေးဖွားခဲ့သည်။ သူ၏ အစောပိုင်း ဘဝပေးအခြေအနေ တွင် သူ့ဘဝတစ်သက်တာ၌ အချို့သူများက အဘယ့်ကြောင့် အောင်မြင် ကြပြီး အချို့မှာ အဘယ့်ကြောင့် မအောင်မြင်ရသည်ဟူသည့်အကြောင်း နှင့်ပတ်သက်၍ လေ့လာရေးသားခြင်းဖြင့် ကျော်လွန်ဖြတ်သန်းရလိမ့်မည်ဟု ထင်မှတ်စရာ အကြောင်းမရှိခဲ့ပေ။

တောင်ပေါ်သားအများစုကို ဝါးမျိုလှိုက်စားနေသော ဆင်းရဲမွဲတေမှုမှ လူးလွန့်ရုန်းထွက်ရန် ဆန္ဒကလေးတစ်ခုဖြင့် ဟေးလ်သည် ပညာမတတ် သည့် လူငယ်လေးတစ်ယောက်အဖြစ် မနေချင်ခဲ့ပေ။ အလျင်အမြန်ပြောင်း လဲမေ့သော ကမ္ဘာကြီးသို့ ဒေကန့်အသတ်နှင့်သာ ကူးလူးဆက်သွယ်နိုင်သော ဝေးလံသီခေါင်သည့် နေရာတစ်ခုတွင် နေထိုင်ရသည့်ဘဝက အလွန်ပင် ခက်ခဲခဲ့သည်။

ဟေးလ်၏မိခင်သည် သူ့အသက် ၁၀ နှစ်သားတွင် ကွယ်လွန်သည်။ တစ်နှစ်အကြာတွင် သူ၏ဖခင်က မိသားစုအတွင်းသို့ ခလေ့စရိုက်ကောင်း

များစွာ ဆောင်ယူလာသော ငယ်ရွယ်သည့် မုဆိုးမတစ်ဦးနှင့် အိမ်ထောင်ပြုလိုက်သည်။ ဟေးလ်၏ မိထွေးသည် ပညာတတ်ဖြစ်သည်။ သမားတော်တစ်ဦး၏ သမီးဖြစ်ပြီး သူ၏ အရင်အိမ်ထောင်မှာ ကျောင်းအုပ်ဆရာတစ်ဦးဖြစ်သည်။ သူ့ဘဝ၏ အရေးအကြီးဆုံးအခြေအနေတွင် နပိုလီယံကလေး သူ့ကိုယ်သူ အရည်အသွေးမြင့်တင်နိုင်အောင် သူမက မဆိုင်းမတွပင် တိုက်တွန်းအားပေးခဲ့သည်။

မိထွေးဖြစ်သူ မာသာဘန်နာဟေးလ်သည် သူ လမ်းညွှန်ပဲ့ကိုင်မှုကို လိုအပ်နေချိန်၌ ဟေးလ်ကလေး၏ ဘဝအတွင်းသို့ ဝင်ရောက်လာခဲ့သည်။ သူ၏ မိထွေးက ဆယ့်တစ်နှစ်သားကောင်လေးကို အဆုံးမရှိသော ဖြစ်နိုင်ခြေများနှင့် ထက်မြက်တက်ကြွသော ကောင်လေးတစ်ယောက်အဖြစ် မြင်ခဲ့သည်။ နပိုလီယံ၏ မိထွေးသည် သူ့ဘဝတစ်သက်တာတွင် အားကျနမှုနာယူစရာ လူတစ်ယောက်ဖြစ်ခဲ့သည်။ အသက် ၁၃ နှစ်အရွယ်တွင် လက်နှိပ်စက်ရိုက်တတ်အောင် ဆည်းပူးခိုင်းပြီး ဗာဂျီးနီးယားပြည်နယ်တစ်ခွင်လုံး သူ့အမည်ကျော်ကြားလာလိမ့်မည်ဟု ပြောခဲ့သူမှာ သူ၏ မိထွေး မစ္စဟေးလ်ပင်ဖြစ်သည်။

ဟေးလ်သည် အရေးအဖတ် သွက်လက်သောသူတစ်ယောက်ဖြစ်လာခဲ့သည်။ နပိုလီယံဟေးလ် ကွယ်လွန်ပြီး နှစ်ပေါင်း ၄၀ နီးပါးကြာပြီဖြစ်သည့် ယနေ့အချိန်အထိ သူ၏ စာအုပ်များမှာ ကမ္ဘာတစ်ဝန်းလုံး အရောင်းရဆုံး စာအုပ်များ ဖြစ်ဆဲပင်ရှိသည်။

ဤစာအုပ်တွင် ဒေါက်တာနပိုလီယံဟေးလ်၏ အကောင်းဆုံးအတွေးအခေါ်အချို့မှ အကျိုးတရားများကို ရရှိရုံမျှမက နပိုလီယံဟေးလ် ကမ္ဘာသင်ကြားရေးစင်တာ (Napoleon Hill World Learning Center) ၌ ဒါရိုက်တာ တာဝန်ကို နှစ်ပေါင်းများစွာ ထမ်းဆောင်လာသော ဂျူဒစ်သ်ဝီလျံဆန်၏ စာစုများကိုပါ ဖတ်ရှုရမည်ဖြစ်သည်။ မစ္စဝီလျံဆန်သည် ဒေါက်တာဟေးလ်၏ ဒဿနိကဗေဒ ကျောင်းသူတစ်ဦးဖြစ်ရုံမျှမက ပါဂျူးတက္ကသိုလ် (Purdue University) ၌ သင်ကြားပို့ချပေးနေသော ဆရာတစ်ဦးလည်းဖြစ်သည်။ စာရေးသူသည် ကမ္ဘာနေရာဒေသအတော်များများတွင် အစုအဖွဲ့အမျိုးမျိုးတို့ကို သင်ကြားပို့ချပေးခဲ့သည်။ သူမသည် ဟေးလ်၏ သင်တန်း

များကို တက္ကသိုလ်များ၊ အထက်တန်းကျောင်းများ၊ ကောလိပ်များ၊ ကော်ပို ရေးရှင်းများနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့အစည်းများတွင် သင်ကြားပေး ခဲ့သည်။ 'အောင်မြင်မှုအတွက် ဆောင်ရွက်ချက်များ' သည် သူမ၏ ပညာ ရပ်ဆိုင်ရာ အတွေ့အကြုံများမှတစ်ဆင့် တိုက်ရိုက်ရယူထားခြင်းဖြစ်သည်။

'နပိုလီယံဟေးလ်၏ ကမ္ဘာတည်မယ့် အတွေးအမြင်များ' စာအုပ်ကို ရေးသားရာတွင် စာဖတ်သူအတွက် နှိုးဆော်အားပေးမှုတစ်ခုဖြစ်ရန်အလို့ငှာ စာအုပ်ကို အစမှအဆုံး ဖတ်ရှုမှုဖြစ်မည့်ပုံစံမျိုး ရေးသားထားခြင်းမဟုတ်ပေ။ သင် စိတ်ဝင်စားရာ အခန်းကဏ္ဍများကို ရွေးချယ်ပြီး သင်၏ အောင်မြင်မှုသို့ ချီတက်ရာခရီးတွင် လက်ငင်းကျင့်သုံးနိုင်မည့် နည်းနာများမှ အကျိုးတရားကို ခံစားကြည့်ရန်သာဖြစ်ပါသည်။

ဒွန် ဂရင်းန်
အမှုဆောင်ဒါရိုက်တာ
နပိုလီယံဟေးလ်ဖောင်ဒေးရှင်း

❑

ဂျူးဒစ်သ်ဝီလျံဆန်၏အမှာ

ဒေါက်တာဟေးလ်၏ တပည့်အဖြစ် နှစ်ပေါင်းများစွာနေခဲ့ဖူးသည့် လူတစ်ယောက်အနေဖြင့် သူ၏ဒဿနမှာ နှိုင်းချိန်နိုင်သော၊ သိမြင်နိုင်သော အချိန်တို့၌ အကျိုးအပေးဆုံးဖြစ်သည်ဟု ကျွန်မ နားလည်ထားပါသည်။ လိုက်ပါဆောင်ရွက်ခြင်းသည် အမြဲမလွယ်ကူပါ။ သို့သော် ဆောင်ရွက်ခြင်း မရှိလျှင် အောင်မြင်မှုလည်း ရှိမည်မဟုတ်ပေ။ ခဏလောက် စဉ်းစားကြည့်လိုက်ပါ။ ကြီးကြီးမားမားရည်ရွယ်ချက်များကို အသေးငယ်ဆုံးဆောင်ရွက်မှုနှင့် နှိုင်းယှဉ်မိမည်မဟုတ်ပေ။ သို့ရာတွင် ယခင်ပြုခဲ့ဖူးသော ဆောင်ရွက်မှုအပေါ် နေ့စဉ် အခြေပြုသွားလျှင် ထိုအသေးငယ်ဆုံးဆောင်ရွက်မှုက သင် ဆန္ဒရှိရာ အောင်မြင်မှုအား အထွတ်အထိပ်သို့ ရောက်ရှိစေမည့် အရှိန်အဟုန်ကို အစပျိုးတည်ဆောက်ပေးပါသည်။

"နပိုလီယံဟေးလ်၏ ကမ္ဘာတည်သရွေ့ အဓွန့်ရှည်မည့်အတွေးများ'၌ အောင်မြင်မှုဆီသို့ သင့်ကို လှမ်းတက်သွားစေနိုင်မည့် ဆောင်ရွက်ချက်များနှင့်အတူ ဒေါက်တာဟေးလ်၏ အတွေးအမြင်နှင့် တွဲဖက်တင်ပြထားသည်။ ဤစာအုပ်တွင် ပါဝင်သော အခန်းစဉ်အနည်းငယ်ကို သင်ကြိုးစားစမ်းသပ်ကြည့်ပြီး မှတ်တမ်းထားရှိကာ သင်၏တိုးတက်မှုနှုန်းကို စောင့်

ကြည့်ပါ။ လိုက်ပါဆောင်ရွက်မှုမပါလျှင်တော့ သင့်အိပ်မက်များဆီသို့ အဓိကသော့ချက်ကို သင် ပျောက်ဆုံးနေမည်ဖြစ်သည်။

ပထမဦးစွာ သင်၏လမ်းကြောင်းကို သတ်မှတ်ပါ။ ပြီးလျှင် သင် သွားမည့်နည်းလမ်းကို စီစဉ်ပါ။ တတိယအနေဖြင့် ခရီးလမ်းကို စတင် လျှောက်လှမ်းပါ။ ခရီးပေါက်လာသည့်အချိန်တွင် မည်သည့်ဆောင်ရွက်ချက်က သင့်အတွက် အဆင်ပြေဆုံးဖြစ်သည်ကို သင် ချင့်တွက်နိုင်လာမည် ဖြစ်သည်။

ဤစာအုပ်ကို သင်၏ လမ်းညွှန်ရတနာမြေပုံအဖြစ် ကြည့်ပါ။ သင်၏ ရည်မှန်းချက်ပန်းတိုင်ရှိရာဆီသို့ ဤမြေပုံမှတစ်ဆင့် လိုက်ပါသွားသည့်အခါ သင် ရှာဖွေနေသော ရတနာကို ဆုလာภ์အဖြစ် ရရှိပါလိမ့်မည်။

သင်၏အဆုံးမဲ့ အခွန့်ရှည်သော အောင်မြင်မှုဆီသို့...

ဗျူးဒစ်သ်ဝီလျံဆန်
ဒါရိုက်တာ
နပိုလီယံဟေးလ်ကမ္ဘာသင်ကြားရေးစင်တာ
ပါဗျူးတက္ကသိုလ်

ထွန်းပေါက်အောင်မြင်မှု

"အချိန်တိုအတွင်းမှာ ကိစ္စတွေဟာ ပိုကောင်းတဲ့ဘက်ကို ပြောင်းလဲသွားဖို့ဆိုတာ လုံးဝမဖြစ်နိုင်သလိုပဲ။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က အရာတိုင်းဟာ ကိုယ့်ရဲ့အလိုကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ပြီး ဖြစ်ပွားခဲ့သလိုမျိုး အခုတော့ အရာရာ ကိုယ့်အလိုကျ လိုက်ဖြစ်နေပြီ။ နားမလည်နိုင်လောက်အောင်ပါပဲ။ ဒါကြောင့် နားလည်ဖို့ ကိုယ်မကြိုးစားတော့ပါဘူး။ ဒါကို လက်သင့် ခံလိုက်ပြီး အရှိအတိုင်းပဲ ဖြစ်ခွင့်ပေးလိုက်ပါတယ်"

(၁၉၂၅၊ မေလ ၁၄ ရက်နေ့တွင် အိုဟိုင်းယိုးပြည်နယ် ကလီဗ်လန်းမြို့မှ မစ္စစ်ဖလော် ရင့်စ်ဟေးလ်ထံသို့ နပိုလီယံဟေးလ် ရေးသည့်စာမှ)

* * *

အောင်မြင်မှုတစ်ခုစီတိုင်းသည် အကြောင်းရင်းတစ်ခု (သို့မဟုတ်) အကြောင်းရင်းများ ပေါင်းစည်းခြင်း၏ ရလဒ်ဖြစ်သည်။ စိတ်၏စေစားမှုအလျောက် ပြုမူသော ဆောင်ရွက်ချက်များ အားလုံးကို လှုံ့ဆော်ပေးသော အခြေခံအကြောင်းရင်း ၁၀ မျိုးမှာ

၁။ မိမိရှိုင်သန်မှုအတွက် ကြိုးပမ်းလိုသည့်ဆန္ဒ

၂။ ချစ်ခြင်းမေတ္တာ

၃။ အကြောက်တရား

❑

ထွန်းပေါက်အောင်မြင်မှု

သင် သွားနေသည့်လမ်းအတိုင်း ဆက်သွားလျှင် ယခုမှ စ၍ နောက် ဆယ်နှစ်ကြာသည့်အခါ မည်သည့် နေရာ၌ သင် ရောက်ရှိနေမည်နည်း။

နပိုလီယံဟေးလ်

သင်၏လမ်းကြောင်းကို သတ်မှတ်ပါ

ကြီးမားသော အောင်မြင်မှုဆိုသည်မှာ အလွန်ရှည်ကြာသည့် ကာလတစ်ခုကို ကျော်ဖြတ်ပြီးမှ ရရှိထားသော အောင်မြင်မှုအသေးကလေး၏ ရလဒ်ဆိုသည်ကို လူအများစုက သဘောမပေါက်ကြပေ။ အမှန်တကယ် အောင်မြင်သောလူများသည် ရေရှည်ကို မျှော်တွေးနိုင်ကြသူများဖြစ်ကြသည်။ ၎င်းတို့သည် အောင်မြင်မှုတစ်ခုစီအပေါ် အခြေပြု၍ ပို၍ကောင်းမွန်သစ်လွင်သော ဆောင်ရွက်ပုံနည်းလမ်းများကို စဉ်ဆက်မပြတ် သင်ယူသွားရမည် ဆိုသည်ကို သိကြသည်။ သင်၏တိုးတက်မှုကို ပုံမှန်ဆန်းစစ်ခြင်းသည် ရည်မှန်းချက်ချမှတ်ခြင်းအတွက် အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။ ရည်မှန်းချက်တွင် ပြီးမြောက်ခြင်းအတွက် အချိန်ဇယားမရှိလျှင် ၎င်းသည် ဆန္ဒတစ်ခုထက် အနည်းငယ်သာ သာလွန်သည်။ သင့်ဘဝအတွက် သင်၏ အစီအစဉ်တွင် ရေတို၊ အလယ်အလတ်၊ ရေရှည် ရည်မှန်းချက်များ ပါဝင်ပါစေ။ အခြေအနေများက ပြဋ္ဌာန်းပေးသည့်အတိုင်း သင်၏ရည်မှန်းချက်များ

ကို စိစစ်ပြင်ဆင်ပါ။ ပြီးမြောက်သွားသည့် ရည်မှန်းချက်ကို မှတ်သားပါ။ သင် တိုးတက်ထွန်းကားလာသည်နှင့်အမျှ သင့်အတွက် ပို၍ကြီးသော ရည်မှန်းချက်အသစ်များ ချမှတ်ပါ။ လမ်းကြောင်းမှန်ပေါ်၌ သင်ရောက်ရှိနေကြောင်း သေချာအောင် နှိုင်းဆဆင်ခြင်ရန် အချိန်ယူပါ။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

ပင်ကိုသဘောဆောင်ပါ။ သင်၏ တစ်နှစ်၊ သုံးနှစ်၊ ငါးနှစ်နှင့် ခုနစ်နှစ်တာရည်မှန်းချက်များပါသော ဘဝအစီအစဉ်ကို ဖန်တီးပါ။ လူတစ်ယောက်၏ဘဝတွင် ဖြတ်သန်းရသည့် အဆင့်ခုနစ်ဆင့်ရှိသည်ဟု ရှိတ်စပီးယားက ရေးသားခဲ့သည်။ ယခုအချိန်အထိ သင်၏ဘဝကို သင် ဆန်းစစ်ကြည့်ပြီး မည်သည့်အဆင့်များအား သင် ဖြတ်သန်းနေထိုင်ခဲ့သည်ကို ပိုင်းခြားစိတ်ဖြာ၍ ရည်မှန်းချက်များ ချမှတ်ဖန်တီးခြင်းဖြင့် နောက်လာမည့် အဆင့်အတွက် ပြင်ဆင်နိုင်ပါလိမ့်မည်။ လူသည် ခုနစ်နှစ်လျှင်တစ်ကြိမ် ပြောင်းလဲသွားသည်ဟုလည်း အဆိုရှိသည်။ သင်၏ဘဝတွင် ခုနစ်နှစ်တစ်ကြိမ် ဖြတ်သန်းခဲ့သည့်ကာလကို ပြန်ကြည့်လိုက်လျှင် သင်၏ နောက်တစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုကို စတင်ချိန်၌ သင် ရောက်လိုသည့်နေရာကို ကြိုတင်ခန့်မှန်းနိုင်ကောင်း ခန့်မှန်းနိုင်ပါလိမ့်မည်။

❑

ထွန်းပေါက်အောင်မြင်မှု

သင်၏ ဘဝရည်မှန်းချက်ကို ရွေးချယ်ရာတွင် မြင့်မြင့်မှန်းရန် မကြောက်ပါနှင့်။ သင် မည်မျှမြင့်မြင့်မှန်းပါစေ၊ သင်၏အောင်မြင်မှုများက ထိုရည်မှန်းချက်အောက်မှာပင် ကျရောက်နေနိုင်သောကြောင့်ဖြစ်သည်။

နပိုလီယံဟေးလ်

သင်၏ မိုးကုပ်စက်ဝိုင်းဆီသို့ ခရီးစတွက်ပါ

ယနေ့ခေတ်တွင် လုပ်ငန်းအများစုသည် ၎င်းတို့၏အရည်အသွေးမြင့် အစီအစဉ်များ၏ အစိတ်အပိုင်းအဖြစ် 'စဉ်ဆက်မပြတ်တိုးတက်မှု' ကို အားပေးကြသည်။ ယနေ့ခေတ် ကမ္ဘာ့စီးပွားရေးလောကၦ အများနှင့်တန်းတူ အမီလိုက်နိုင်ရန် လုပ်ငန်း၏ ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်အောင် အစဉ်ကြိုးစားရန်းကန်နေရမည်ဖြစ်ပြီး ထိုသို့မဟုတ်လျှင် ပြိုင်ဘက်များ၏ လွှမ်းမိုးကျော်လွှားမှုကို ၎င်းတို့ခံရမည်ဖြစ်ကြောင်း နားလည်ထားကြသည်။ လူတစ်ဦးတစ်ယောက်ချင်းစီတွင်လည်း ဤကျင့်ဝတ်ကိုပင် အသုံးချရမည်ဖြစ်သည်။ ဘဝဟူသည် အမြဲမပြတ် သင်ယူနေရသော အတွေ့အကြုံတစ်ခုဖြစ်သည်။ အောင်မြင်မှုတိုင်း၊ ယာယီဆုတ်ဆိုင်းမှုတိုင်းသည် တဖြည်းဖြည်း သင်အောင်မြင်လာမည့်အချိန်အတွက် သင့်ကိုပြင်ဆင်ရန် အခွင့်ပေးခြင်းသာ ဖြစ်သည်။ သင်၏ ရေတိုနှင့် အလယ်အလတ်အဆင့်သတ်မှတ်ထားသော

ရည်မှန်းချက်များသည် ယထာဘူတကျ၍ ရရှိအောင်မြင်နိုင်ရမည်ဖြစ်သည်။ သို့သော် ရေရှည်ရည်မှန်းချက်များမှာမူ သင်၏ လက်ရှိစွမ်းဆောင်နိုင်စွမ်းထက် များစွာကျော်လွန်နေသင့်သည်။ "ကံကြမ္မာသည် ရဲဝံ့သူဘက်မှာရှိသည်" ဟူ၍ ရောမခေတ် ကဗျာဆရာ ဗာဂီးလ် ပြောခဲ့သလိုပင်ဖြစ်သည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

အဘယ့်ကြောင့် သင်၏အတွေးများကို မိမိကိုယ်ကိုယ် စဉ်ဆက်မပြတ် တိုးတက်ရေးသို့ ဦးတည်မပစ်ရသနည်း။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ခံစားချက်ပိုင်းဆိုင်ရာ၊ လူမှုရေးရာအရ သင့်ကိုယ်သင်ပြန်ကြည့်ပြီး နယ်ပယ်တစ်ခုစီအတွက် မိမိကိုယ်ကိုယ်တိုးတက်အောင် ဆောင်ရွက်ရေးအစီအစဉ်တစ်ခုကို ပြင်ဆင်ပါ။ သင်၏ရည်မှန်းချက်များကို ရွေးချယ်သည့်အခါ သင် သွားလိုသည့်လမ်းကြောင်းကို ကောင်းကောင်းလေ့လာနိုင်ရန် ဆည်းပူးဖတ်မှတ်စရာအချို့ ရှိလာနိုင်သည်။ နယ်ပယ်တစ်ခုစီ၌ အသစ်အဆန်းကို ကြိုးစားလုပ်ဆောင်ကြည့်ပါ။ ဤသည်မှာ စစ်မှန်သော ပုဂ္ဂလိကဖွံ့ဖြိုးမှု၏ အစ ဖြစ်သည်။

❑

ထွန်းပေါက်အောင်မြင်မှု

တက်မ မရှိသော သဘော်၊ ရည်ရွယ်ချက်မရှိသော လူတို့သည် အဆုံးသတ်တွင် ကန္တာရသဲပြင်၌သာ ဆိုက်ရောက်ရသည်။

နပိုလီယံဟေးလ်

အောင်မြင်မှုအတွက် သင့်ကိုယ်သင် ပျိုးထောင်လေ့ကျင့်ပေးပါ

သင့်အတွက် သင် ချမှတ်ထားသော ရည်မှန်းချက်များသည် သဘော်တစ်စင်း၏ တက်မနှင့်တူပြီး သင်၏ခရီးဆုံးပန်းတိုင်သို့ ပဲ့ကိုင်လမ်းညွှန်ပေးသည်။ ၎င်းတို့မရှိလျှင် တက်မ မရှိသော သဘော်နှင့်တူပြီး လမ်းကြောင်းမှန်အတိုင်းရှိနေရန် မဖြစ်နိုင်ကြောင်း သင် တွေ့ရလိမ့်မည်။

သင်၏ဘဝတွင် ရည်မှန်းချက်ချမှတ်ခြင်းကို အလေ့အကျင့်ဖြစ်အောင်လုပ်ပါ။ တစ်ခါတစ်ရံ တစ်သမတ်တည်း အာရုံထားရန် ခက်ခဲသည့်အခါများတွင် ကြိုးပမ်းရရှိနိုင်သော ရည်မှန်းချက်အသေးစားများ ချမှတ်၍ ပြီးမြောက်သည်အထိ စိုက်လိုက်မတ်တတ်လုပ်ပါ။ ဥပမာ– လုပ်ရိုးလုပ်စဉ် အလုပ်တစ်ခုကို ပို၍လျင်မြန်ထိရောက်သော နည်းလမ်းမျိုးဖြင့်လုပ်ဆောင်ရန် ရှာဖွေကြည့်ခြင်းမျိုးဖြစ်သည်။ သို့မဟုတ် သင့်မှာ ခွန်အားအပြည့်ဝဆုံးဖြစ်နေချိန်၊ အာရုံစူးစိုက်မှုအားအမြင့်ဆုံး၌ ရှိနေချိန်တွင် အခက်ခဲဆုံးအလုပ်များကို ပထမဆုံး စတင်ဆောင်ရွက်ခြင်းပြုလုပ်ပါ။ အလွယ်ဆုံးအလုပ်များ

ကို နောက်ဆုံးတွင်ထားပါ။ အောင်မြင်မှုကလေးအနည်းငယ်က ပို၍ကြီးမား သော အောင်မြင်မှုများဆီသို့ မလွဲဧကန် ဦးဆောင်ခေါ်ယူသွားပါလိမ့်မည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

ရောမမြို့ကို တစ်နေ့တည်းနှင့် တည်ဆောက်ခဲ့ခြင်းမဟုတ်သလို သင် လည်း ချက်ချင်း မအောင်မြင်နိုင်ပါ။ အောင်မြင်မှုဆိုသည်မှာ သင် ဆောင် ရွက်ပြီးမြောက်လိုသည့်အရာကို စီစဉ်ခြင်းမှ စတင်ပါသည်။ အိပ်မက်ကို လက်တွေ့အရှိတရားဖြစ်လာအောင် သင် ဖော်ဆောင်နိုင်ပါသည်။ စိတ်ရှည် ပါ။ သင့်အိပ်မက်တွေကို ရှာဖွေတူးဆွပါ။ သင်၏ စိတ်ကူးစိတ်သန်းများကို ပျိုးထောင်ပေးပါ။ သင့်ရည်မှန်းချက်များကို မြေတောင်မြှောက်ပေးပါ။ သင် အဆင်သင့်ဖြစ်သည့်အခါ သင့်အိပ်မက်များနှင့် လိုက်ဖက်ဆီလျော်သည့် မူဘောင်တစ်ခုကို စတင်ဖန်တီးနိုင်ပါလိမ့်မည်။ သို့ဖြစ်ရာ သင့်၌ အိပ်မက် မက်ရန်အခွင့်နှင့် ထိုအိပ်မက်၏အရသာကို ပျော်မွေ့ခံစားခွင့်တို့ ရှိထားပြီး ဖြစ်ပါသည်။

❑

ထွန်းပေါက်အောင်မြင်မှု

သင် ဘယ်လောက်တော်တယ်ဆိုတာ ကမ္ဘာလောက
ကြီးကို အစွမ်းကုန်ပြောပြလိုက်ပါ။ ဒါပေမဲ့.....။
နပိုလီယံဟေးလ်

ဆောင်ရွက်မှုက အရင်၊ အကျိုးအမြတ်က နောက်

သင်၏ ထွန်းပေါက်အောင်မြင်မှုများအကြောင်းကို အခြားသူများအား အသိပေးသင့်သည်။ သင်၏ဆောင်ရွက်မှုများနှင့် အရင်စပါ။ သင့်ကို တစ်လျှောက်လုံး ကူညီခဲ့ကြသူများအား အကျိုးအမြတ်မျှဝေပေးရန် မမေ့ပါနှင့်။ ရာစုပေါင်းများစွာ မပြောင်းလဲခဲ့သော ခေါင်းဆောင်မှု၏ အခြေခံသဘောတရားတစ်ခုမှာ "အောင်မြင်မှုအတွက် အကျိုးအမြတ်ကို အခြားသူများနှင့် ဝေမျှပါ။ ကျရှုံးမှုအတွက် အပြစ်ကို တစ်ဦးတည်းခံယူပါ" ဟူ၍ ဖြစ်သည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

ဤရိုးရှင်းသော ခေါင်းဆောင်မှု သဘောတရားတစ်ခုက ၎င်းကို သင် မှန်မှန်ကန်ကန်အသုံးချသည့်အခါ ရရှိမည့်တန်ဖိုးကို အလေးသာစေနိုင်သည်။ အောင်မြင်မှုကို မျှဝေသည့် အစွမ်းအား လုံးဝလျှော့မတွက်ပါနှင့်။ မျှဝေလိုက်သောအောင်မြင်မှုသည် လျော့ပါးမသွားပါ။ အခြားဖယောင်းတိုင်

များ အလင်းဖြာနိုင်အောင် ကူးစက်ထွန်းညှိပေးသည့် ဖယောင်းတိုင်မီးတောက်ကဲ့သို့ ပွားများလာခြင်းသာဖြစ်ပါမည်။ မူလဖယောင်းတိုင်က ယုတ်လျော့မသွားဘဲ အလင်းရောင်ကိုသာ ပွားများ ဖြန့်ဝေပေးနိုင်ပါသည်။ ထို မူလဖယောင်းတိုင်က သင်ဖြစ်နိုင်ပါသည်။ အလင်းရောင်ကို မျှဝေပေးရန်သာ လိုပါသည်။

ထွန်းပေါက်အောင်မြင်မှု

သင့်ရှေ့မှာရှိသော သူကို စောင့်ကြည့်ပါ။ အဘယ့်ကြောင့် သူ ရှေ့မှာရောက်နေသည်ကို သင် သိလာရပါလိမ့်မည်။ ထို့နောက်တွင် သူ့ထက်သာအောင်လုပ်ပါ။

နပိုလီယံဟေးလ်

လမ်းပြမည့်သူကို ရွေးချယ်ပါ

အောင်မြင်မှုကိုရရှိရန် အသေချာဆုံးနည်းလမ်းတစ်ခုမှာ အောင်မြင် သောလူများ၏ ဆောင်ရွက်ချက်များကို စူးစမ်းလေ့လာ၍ မည်သည့်အခြေခံ သဘောတရားကို ၎င်းတို့ ပုံမှန်အသုံးချသနည်းဆိုသည်ကို တွက်ဆပြီး ၎င်းတို့ကို သင့်အတွက် အသုံးချရန်ဖြစ်သည်။ အင်ဒရူးကာနေဂျီး ပြော သည့်အတိုင်းဆိုလျှင် အောင်မြင်မှု၏ အခြေခံသဘောတရားများသည် တိကျသေချာသည်၊ စစ်မှန်သည်။ ၎င်းတို့ကို လေ့လာအသုံးချရန် အချိန် ပေးလိုသော မည်သူမဆို သင်ယူနိုင်သည်ဟု သိရသည်။ သင်သည် အမှန် တကယ် ကြည့်မြင်တတ်သူဖြစ်လျှင် သင် ကြုံဆုံသမျှ လူတိုင်းနီးပါးထံမှ တစ်ခုခုကို သင်ယူရရှိနိုင်သည်။ သူတို့ကို သင် သိကျွမ်းစရာပင် မလိုအပ် ပေ။ မရှိတော့ပြီဖြစ်သော လူတော်လူကောင်းများကိုလည်း သင် ရွေးချယ် နိုင်သည်။ အရေးကြီးသည်မှာ သူတို့၏ဘဝကို လေ့လာ၍ ထိုကဲ့သို့ အောင် မြင်မှုကြီးများရအောင် ဤလူတို့ အသုံးချခဲ့သော သဘောတရားများအတိုင်း

အတိအကျ သင့်ဘဝတွင် သင်ယူအသုံးချရန်ဖြစ်သည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

နပိုလီယံဟေးလ်၏ အောင်မြင်မှုဥပဒေသသည် သင်၏ ဖွံ့ဖြိုးဆဲ အခြေအနေအတွက် နမူနာကောင်းတစ်ခုဖြစ်သည်။ ၎င်းကို သင် စေ့စေ့စပ်စပ် ကြည့်သည့်အခါ မည်သည့်အောင်မြင်ရေး သဘောတရားကို သင် အသုံး ပြုနေ၍ မည်သည်အား အသုံးမပြုသည်ကို သင် ခွဲခြားသိမြင်နိုင်သည်။ အနည်းငယ်ကိုသာ သင် ဆက်အသုံးပြုနိုင်သလို သင်၏အောင်မြင်မှု အထောက်အကူပြုနည်းနာများတွင် ထပ်၍ ပူးပေါင်းဖြည့်သွင်းရန်လည်း သင် ဆုံးဖြတ်နိုင်သည်။ သင့်မှာရှိသမျှအရာသည် တူတစ်ချောင်းဖြစ်လျှင် အရာတိုင်းသည် တူနှင့်ထုရန် လိုအပ်နေသကဲ့သို့ ဖြစ်သည်ဟု အဆိုရှိသည်။ အခြေခံသဘောတရား ၁၇ ခုကို သင်၏နည်းနာများတွင် ပူးပေါင်းဖြည့် သွင်းပါ။ တစ်ခုစီကို အသုံးချရန် မှတ်သားပါ။ သင်၏လက်ရာဖော်ဆောင် မှုတွင် ကွာခြားချက်ကို တွေ့ပါလိမ့်မည်။

* နပိုလီယံဟေးလ်၏ Law of Success (အောင်မြင်မှုဥပဒေသ)စာအုပ်မှ အခြေခံသဘောတရား ၁၇ ခု။

❑

ထွန်းပေါက်အောင်ဖြင်မှ

အလုပ်တစ်ခုကို မြန်မြန်နဲ့ ကောင်းကောင်းပြီးအောင် ဆောင်ရွက်လိုလျှင် အလုပ်များသောသူကိုသာ ခိုင်းပါ။ အားနေသောသူက အလွယ်လမ်း၊ ဖြတ်လမ်းနည်းများကို သိနိုင်လွန်းသည်။

နပိုလီယံဟေးလ်

အလုပ်ပြီးစီးရန် သတ်မှတ်ချိန်ရယူပါ

ကျွန်ုပ်တို့သည် အောင်မြင်မှုအတွက် ကျွန်ုပ်တို့၏ စွမ်းဆောင်နိုင်မှု အစစ်အမှန်ကို ဘယ်တော့မှ မသိနိုင်ပေ။ နေ့စဉ်နေ့တိုင်း အကောင်းဆုံးကို ဆောင်ရွက်မည်ဟု မိမိကိုယ်ကိုယ် စိန်ခေါ်မကြည့်သောကြောင့်သာဖြစ်သည်။ ဤအမှန်တရားက သင့်ကို အမှန်တကယ်စိတ်ဝင်စားစေသော အခွင့်အလမ်းတစ်ခုကို သင်ရရှိသည့်အခါ ပေါ်လွင်လာသည်။ သင် မည်မျှပင် အလုပ်ရှုပ်နေပါစေ ထိုအခွင့်အရေးကို အရယူရန် တစ်နည်းနည်းဖြင့် အချိန်ကို သင် ရှာတွေ့လိမ့်မည်။ ပြောင်းပြန်အနေဖြင့် သင့်စိတ်ကို ဆွဲဆောင်နိုင်မှုအနည်းငယ်သာရှိသော တာဝန်များကို အလွယ်တကူ ရွှေ့ဆိုင်းပစ်လိုက်ပြီး နောက်ချဆုံးတွင် မေ့လျော့သွားတတ်သည်။

အလုပ်များသောလူများသည် အချိန်ဆွဲလေးဖင့်သောသူများ မဟုတ်ကြပေ။ သူတို့သည် စီးပွားရေးလုပ်ငန်းအကြောင်းကို ဂျန်ဒေးဗစ်ရိုက် လေ့

လာခဲ့စဉ်ကအတိုင်း 'ဘဝဟူသည် စက်ဘီးစီးရခြင်းနှင့်တူသည်။ သင် နင်းမြဲနင်းလျှင်နင်း၊ မနင်းလျှင် လဲကျမည်" ဆိုသည်ကို သိကြသည်။ အထက်မြက်ဆုံး လူပုဂ္ဂိုလ်များတွင် အလျင်အမြန် အရေးယူဆောင်ရွက်တတ်သည့် ဓာတ်ခံရှိသည်။ ၎င်းတို့သည် အလုပ်ပြီးစီးမည့်အချိန်ကို သတ်မှတ်လိုက်ပြီး ဦးစားပေးလုပ်ဆောင်ရမည်များကို ပြီးမြောက်အောင် ဆောင်ရွက်၍ ကိုယ့်ကိုယ်ကိုယ် တွန်းအားပေးတတ်ကြသည်။ သင်၏လုပ်ငန်းဆောင်တာများက တင့်ကျပ်သော အလုပ်ပြီးစီးမည့် သတ်မှတ်ချိန်ကို မလိုအပ်လျှင်ပင် သင့်အတွက်သင် သတ်မှတ်ပေးပါ။ သင်သည် အချိန်တိုအတွင်း (၎င်းက သင့်မှာ ရှိသမျှ အချိန်ဆိုလျှင်) မည်မျှ ပေါက်မြောက်ပြီးစီးနိုင်သည်ကို အံ့အားသင့်ဖွယ် တွေ့ရလိမ့်မည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

သင် မလုပ်လိုသောအရာတစ်ခုကိုသာ နေ့စဉ်လုပ်ဆောင်ခဲ့လျှင် သင် မည်မျှပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်ဆိုသည်ကို စဉ်းစားကြည့်ပါ။ သင်၏ ဆောင်ရွက်ရန်စာရင်းမှ ဆောင်ရွက်ပြီးစီးကြောင်း မှတ်သားပြီး အလုပ်မှာ လစဉ် ၃၀ မှ ၃၁ ခုအထိ တိုးလာပါလိမ့်မည်။ ဤအကြံပြုချက်ကို ဂိမ်းတစ်ခုကစားသလို ရှုမြင်လိုက ရှုမြင်နိုင်ပါသည်။ သင် မည်ကဲ့သို့ မြင်သည်ဖြစ်ပါစေ ၎င်းက အလုပ်ဖြစ်ပြီး သင့်စာရင်းရှိ သင် သဘောမတွေ့ဆုံးအလုပ်များကို အရင်ဆုံးလုပ်ဆောင်ခြင်းက ကျန်တစ်နေ့တာကို လွတ်ငြိမ်းချမ်းသာမှုရရှိစေကြောင်း တွေ့ရပါလိမ့်မည်။ ယခုမှစ၍ သင် အကြောက်ဆုံးအလုပ်ကို အရင်စလုပ်လိုက်ပါ။

❑

ထွန်းပေါက်အောင်မြင်မှု

အခြားသူများ မလုပ်သည်ကို စိတ်ထဲမထည့်ပါနှင့်။
အရေးကြီးသည်မှာ သင်လုပ်သည့်အလုပ်ဖြစ်သည်။
နပိုလီယံဟေးလ်

သင့်တာဝန်ကိုသာ သင်ယူပါ

သင်၏အောင်မြင်မှုအတွက် အခြားသူများအပေါ် မှီခိုအားထားနေလျှင် သင်၏ဘဝ ကျရှုံးပျက်စီးခြင်းတိုင်လိမ့်မည်။ ကတိပေးထားသည့်အတိုင်း မပျက်မကွက် ပေးအပ်သည့်လူအနည်းငယ်သာရှိခြင်းသည် ဘဝ၏ ဝမ်းနည်းဖွယ်အမှန်တရားဖြစ်သည်။ သင့်ကို ကူညီသင့်သူထံမှ အကူအညီမရ၍ ဝမ်းနည်းပူဆွေးနေမည့်အစား သင့်ကိုယ်သင်ကူညီရန် သင်လုပ်နိုင်သည့်အရာအပေါ်မှာ အာရုံစိုက်ပါ။ အကောင်းဆုံးအစီအစဉ်မှာ သင့်ရည်မှန်းချက်များပြီးမြောက်အောင် ဆောင်ရွက်ရာ၌ သင်နှင့်အတူ ပူးပေါင်းလုပ်ဆောင်လိုသူတို့အတွက် အကျိုးအမြတ်ရရန် အခွင့်အလမ်းများပေး၍ အောင်မြင်မှုအတွက်မူ ဤလူများအပေါ် မမှီခိုသည့်အစီအစဉ်ပင်ဖြစ်သည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

'ငါသည် ငါ၏အရှင်သခင်ဖြစ်သည်" ဤအချက်ကို သိထားပြီး သင်၏အောင်မြင်မှုဆီသို့ သင့်ပြုဖွယ်ရာများကို ဦးတည်ထားပါ။ အရေးကြီး

သောအချက်မှာ ရလာမည့်ရလဒ်အတွက် တာဝန်ရှိသူမှာ အခြားသူများ မဟုတ်ဘဲ သင်ကိုယ်တိုင်သာလျှင်ဖြစ်သည်ဟူသော အချက်ဖြစ်သည်။ တစ်ခါတစ်ရံ၌ လူတို့သည် ဤသင်ခန်းစာကိုရရှိရန် တစ်သက်တာ အချိန်ယူကြရသည်။ သို့သော် သင့်ဘဝကို ဦးဆောင်ရန်အတွက် သင့်ကိုယ်သင် အခွင့်ပေးနိုင်ကြောင်း သိရသည့်အခါ အောင်မြင်မှုက အလိုလို နောက်ကပါလာပါလိမ့်မည်။ ဇက်ကြိုးကိုသာ နှင်လိုက်ပါ။

❑

ထွန်းပေါက်အောင်မြင်မှု

ကံဆိုးမှုအများစုသည် အချိန်ကို တလွဲအသုံးချခြင်း၏ ရလဒ်ဖြစ်သည်။

နပိုလီယံဟေးလ်

အချိန်ကိုကြည့်ပါ

ကမ္ဘာပေါ်ရှိ တစ်ခုတည်းသော ကံထူးမှုမှာ သင့်ကိုယ်သင် ဖန်တီးပေးသည့် အခွင့်ထူးပင်ဖြစ်သည်။ လောင်းကစားဝိုင်းများတွင်သာ လောင်းသူဘက်က အလားအလာရှိကောင်းရှိနိုင်သည်။ လက်တွေ့ဘဝတွင်မူ အလားအလာက နေ့စဉ်ဘဝကို ရိုးသားကြိုးစားမှုနှင့် ဖြတ်သန်းပြီး ၎င်းတို့၏ ရည်မှန်းချက်များပြည့်ဝရန် အချိန်ကို အကျိုးရှိရှိ အသုံးချသော သူတို့ဘက်၌သာ အမြဲရှိသည်။ ကံဆိုးမှုသည် ကြီးပွားအောင်မြင်ခြင်းသို့ ၎င်းတို့ကို တွန်းပို့မည့် ကံကြမ္မာအပြောင်းအလဲကြီးကိုသာ စောင့်မျှော်လျက် အချိန်နှင့် စိတ်စွမ်းအင်များကို ဖြုန်းတီးနေသောသူတို့အပေါ် ကျရောက်သည်။ ကျွန်ုပ်တို့အားလုံးတွင် နေ့စဉ်နေ့တိုင်း အချိန် ၂၄ နာရီကို ပိုင်ဆိုင်ထားပြီးဖြစ်သည်။ အများစုသည် အလုပ်လုပ်ချိန် ရှစ်နာရီ၊ အိပ်ချိန် ရှစ်နာရီကို သုံးကြသည်။ ကျန်ရှစ်နာရီ၌ သင်လုပ်ဆောင်သောအရာသည် သင့်ဘဝ၌ ရရှိမည့် အောင်မြင်မှုအဆင့်အပေါ်၌ ကြီးစွာသော လွှမ်းမိုးမှုဖြစ်လိမ့်မည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

နေ့စဉ်ဘဝတွင် အလုပ်လုပ်ချိန်နှင့် အိပ်ချိန်မဟုတ်သော ကျန်ရှစ်နာရီကို သင် မည်ကဲ့သို့အသုံးပြုသနည်းဆိုသည်ကို တစ်လခန့် မှတ်သားထားကြည့်ပါ။ အားလပ်ချိန်၊ အပန်းဖြေချိန်၊ လူမှုရေးကိစ္စ၊ ကိုယ်လက်လှုပ်ရှားမှု၊ လေ့လာဖတ်မှတ်ချိန်၊ စိတ်ဝိညာဉ်ဆိုင်ရာ ဖွံ့ဖြိုးမှု၊ စိုးရိမ်ပူပန်မှုနှင့် သင်၏ အနာဂတ်ရည်မှန်းချက်တို့အတွက် အချိန်မည်မျှပေးဖြစ်သနည်း ဆိုသည်ကို သတိထားကြည့်ပါ။ လကုန်လျှင် သုံးခဲ့သောအချိန်များကို စာရင်းတွက်၍ ရာခိုင်နှုန်းအလိုက် ပိုင်းခြားဖော်ပြပေးသော စက်ဝိုင်းပုံကားချပ် (pie chart) တစ်ခုကိုဖန်တီးပါ။ ကားချပ်ကိုကြည့်၍ သင်အသုံးပြုနေသောအချိန်သည် သင် သွားလိုရာနေရာသို့ သင့်ကို တွန်းပို့ပေးနေသည်လားဆိုသည်ကို မေးခွန်းထုတ်ကြည့်ပါ။ အငြင်းအဖြေထွက်လာလျှင် သင်၏အချိန်ကို ပြန်လည်ချင့်တွက်ပြီး အနာဂတ်၌ သင် အထူးအာရုံစိုက်လိုသော လားရာသို့ နေရာပြန်ချပါ။ အချိန်ကို မဖြုန်းတီးဘဲ ကောင်းစွာအသုံးချနိုင်အောင်လုပ်ပါ။

❑

ထွန်းပေါက်အောင်မြင်မှု

အဆိုးမြင်အတွေးများသို့ သင်၏စိတ်တံခါးကို ပိတ်ထားသည့်အခါ သင့်ဆီသို့ အခွင့်အလမ်းတံခါးများ ပွင့်လာပါလိမ့်မည်။

နပိုလီယံဟေးလ်

တံခါးပေါက်မှာ အဖြေပေးပါ

အဆိုးမြင်သမားများထံတွင် တွယ်ကပ်မနေရန် ငြင်းပယ်သည်မှာ အခွင့်အလမ်း၏ သဘောသဘာဝပင်ဖြစ်သည်။ အဆိုးမြင်စိတ်များသည် စိတ်လှုပ်ရှားဖွယ်ကောင်းသော အခွင့်အလမ်းအသစ်များကို ကြံစည်စိတ်ကူးခြင်း မပြုနိုင်ပေ။ ဆန်းသစ်သော ထုတ်ကုန်အသစ်များကို မတီထွင်နိုင်ပေ။ ပြဿနာများကို မဖြေရှင်းနိုင်ပေ။ လုပသောဂီတသံစဉ်နှင့် လက်ရာမြောက်သော အနုပညာများကိုလည်း မဖန်တီးနိုင်ပေ။ ဤအရာအားလုံးက လိုအပ်သည်မှာ သင့်ကိုယ်သင်နှင့် သင့်အရည်အချင်းအပေါ် အကောင်းမြင်ယုံကြည်မှုတစ်ခုပင်ဖြစ်ပါသည်။ စိန်ခေါ်မှုတိုင်းကို အကောင်းမြင်စိတ်သဘောထားနှင့် ချဉ်းကပ်သည့်အခါ အခြားသူများ အကြည့်လျှမ်းခဲ့သော အခွင့်အလမ်းများကို အမြဲရှာဖွေတွေ့ရှိပါလိမ့်မည်။ လုပ်ရင်းကိုင်ရင်း အခက်အခဲကြုံရသည့်အခါ သင်၏ အောင်မြင်မှုများအကြောင်းကို ပြန်လည်တွေးတောခံစားကြည့်ပါ။ အတိတ်ကာလ၌ သင် အောင်မြင်ခဲ့ဖူးသည်၊ နောက်တစ်ကြိမ်

သင် လုပ်နိုင်သည်ဟူသောအသိနှင့် ကျေနပ်နှစ်သိမ့်မှုယူပါ။ သင် လုပ်နိုင်သည်ဟု ထင်လျှင် လုပ်နိုင်ပါသည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

စာအုပ်ဆိုင်ကောင်းကောင်းတစ်ခုတွင် မွေနှောက်ဖွေရှာရင်း နာရီအနည်းငယ် အကုန်ခံကြည့်ပါ။ သာမန်အားဖြင့် သင် သွားလေ့မရှိသော စာအုပ်ကဏ္ဍသို့သွား၍ လတ်တလော သင် ဖတ်လေ့ဖတ်ထမရှိသော သင် မျက်စိကျသည့် စာအုပ်နှစ်အုပ်၊ သုံးအုပ်ကို ရွေးချယ်ပါ။ ဤစာအုပ်များကို တစ်ရက်လျှင် တစ်ခန်း၊ သို့မဟုတ် နှစ်ခန်းကျဖြင့် ပြီးဆုံးအောင်ဖတ်မည်ဟု စိတ်ပိုင်းဖြတ်ပါ။ ဤသတင်းအချက်အလက်အသစ်များကြောင့် မည်သည့်အတွေးအခေါ်သစ်များအား သင်လာရသနည်းဆိုသည်ကို သင့်ကိုယ် သင် မေးကြည့်ပါ။ တစ်ခါတစ်ရံ၌ စိတ်ကူးစိတ်သန်းများသည် ပြင်ပအရင်းအမြစ်တစ်ခုမှ အစပျိုးလာတတ်သည်။ အရင်းအမြစ်များစွာတို့မှ သတင်းအချက်အလက်ကိုလက်ခံရန် သင်က လွတ်လပ်စွာ လမ်းဖွင့်ထားသည့်အခါ သင်၏အကောင်းမြင်စိတ်သဘောထားက အသင့်နိုးကြားနေပြီး သင်သည် လိုက်နာဆောင်ရွက်ရန် ကောင်းသောအရာများကို လက်ခံသူဖြစ်လာပါသည်။ သင် စုဆောင်းထားသမျှကို ထုတ်ပြရန်သာ မမေ့ပါနှင့်။

❑

ထွန်းပေါက်အောင်မြင်ရှု

ဦးနှောက်ကိုအသုံးပြု၍ သုံးစရာမရှိအောင် ကုန်ခန်း သွားခြင်းထက် အသုံးမပြုသဖြင့် သံချေးတက်သွားခြင်း က ပိုဖြစ်တတ်သည်။

နပိုလီယံဟေးလ်

တစ်သက်တာလုံး သင်ယူသူ

စိတ်သည် အဆက်မပြတ် အသုံးပြုပြီးခိုင်းလျှင် အစားထိုးစရာရှိသည်ကို အစားထိုးရပြီး၊ နှောက်ဆုံးတွင် ပျက်စီးပြုန်းတီးသွားသည့် စက်ပစ္စည်းတစ်ခုနှင့်မတူဘဲ နီးကြားတက်ကြွနေမှသာ ပို၍အားကောင်းဖွံ့ဖြိုးလာသည်။ သင်၏ဦးနှောက်ကို လေ့ကျင့်မှုများများပေး၍ ဖြန့်ကြက်လေလေ ပို၍ထက်မြက်ရင့်သန်လာလေလေဖြစ်သည်။ သို့သော် ဦးနှောက်ကို အသုံးမပြုခြင်း၏ အကျိုးသက်ရောက်မှုက စက်ပစ္စည်းတစ်ခုအပေါ် အကျိုးသက်ရောက်မှုနှင့် အတူတူပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အနုအစိတ်ဆုံး၊ စွမ်းဆောင်နိုင်အား အကောင်းဆုံးစက်နှင့် အတော်ဆုံး၊ အကောင်းဆုံးစိတ်များသည် အသုံးမပြုပေးလျှင် ပြုန်းတီးသွားလိမ့်မည်။

သင်၏အချိန်ဇယားတွင် သင်ယူလေ့လာမှုအတွက် အချိန်ထည့်စီစဉ်မထားလျှင် သင်၏အားလပ်ချိန်များမှာ အကျိုးမဲ့အချည်းနှီးကုန်ဆုံးဖွယ်ရှိသည်။ အနားယူအပန်းဖြေခြင်းက အရေးကြီးပါသည်။ ထို့အတူ အသိ

ပညာ၊ အတတ်ပညာအသစ်များကို ဆည်းပူးရယူခြင်းကလည်း အရေးကြီးသည်။ သင်၏ နေ့စဉ်အချိန်ဇယား၌ နှစ်မျိုးစလုံးအတွက် ဝေပုံကျအချိန်ပါဝင်အောင် ပြုလုပ်ပါ။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

တစ်သက်တာလုံး သင်ယူလေ့လာကြသူများသည် ဘဝ၏အရသာကို ပိုရ၍ဖျော်မွေ့ခံစားကြရသည်။ ၎င်းတို့သည် ဝါသနာပါရာ ပညာအရပ်ရပ်တို့ကို လိုက်စားသင်ယူကြသည်။ သင်ယူခြင်း၌ ၎င်းတို့ ငြိတွယ်ရခြင်းအကြောင်းမှာ ယခင်သင်ယူခဲ့သောအရာမှ အကျိုးခံစားခွင့်များရရှိပြီး သင်ယူမှုအတွေ့အကြုံအသစ်တစ်ခုစီထံမှ အကျိုးအမြတ်များ ဆက်၍ခံစားလိုသောကြောင့်ဖြစ်သည်။ ဘွဲ့ရခြင်းသည် သင်ယူမှုပြီးဆုံးခြင်းမဟုတ်ပေ။ ဘွဲ့ဟူသည်မှာ ပြင်ပကမ္ဘာလောကတွင် နိုးကြားတက်ကြွစွာလုပ်ဆောင်နိုင်ရန် မျှော်မှန်းချက်နှင့် ရှေ့သို့ တွန်းအားတစ်ခုသာဖြစ်သည်။ ယခုလတ်တလော၌ သင် လေ့လာသင်ယူနေသည့်အရာ မရှိခဲ့လျှင် သင်၏ သင်ယူခြင်းအတွေ့အကြုံကို အသစ်တစ်ဖန်စတင်လိုက်ပါ။ တစ်ခုခုကို သင်ယူနေသရွေ့ ပျင်းရိငြီးငွေ့ခြင်းက သင့်တံခါးဝသို့ ရောက်ရှိလာမည်မဟုတ်ပေ။

❑

ထွန်းပေါက်အောင်ဖြင့်ရှု

တချို့လူတွေဟာ ဒုက္ခတွေကနေ ဘယ်တော့မှ မလွတ်မြောက်နိုင်ကြဘူး။ အဓိကအကြောင်းကတော့ သူတို့စိတ်ကို ပူပန်သောကနဲ့ ယဉ်ပါးအောင်လုပ်ထားကြလို့ပဲ။ စိတ်ဟာ တလည်လည်တွေးတောနေတဲ့အကြောင်းအရာကို ဆွဲငင်နိုင်တယ်။

နပိုလီယံဟေးလ်

အဆိုးများကိုဖယ်ရှားပါ

လောကဌ် အသုံးဝင်မှုတစ်ခုမှမရှိဘဲ သင်၏ စိတ်ပိုင်းဆိုင်ရာသာမက ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုပါ ဆိုးရွားသော ထိခိုက်မှုဖြစ်စေသည်။ မင်နီဆိုတာပြည်နယ်၊ ရိုချက်စတာမြို့ဌ် နာမည်ကျော် မရိုဆေးကုသခန်းကို ညီအစ်ကိုတော်သူ ဝီလျံနှင့်အတူ တည်ထောင်ထားသော ချားလ်စ်မရိုက "အလုပ်အလွန်အကျွံလုပ်လို့ သေသွားတဲ့လူကို ကျွန်တော် မတွေ့ဖူးသေးပါဘူး။ ဒါပေမဲ့ သံသယကြောင့် သေသွားတဲ့လူတွေတော့ တော်တော်များတယ်" ဟု ပြောခဲ့ပါသည်။

သောကသည် မပီပြင် ဝိုးတဝါးနိုင်သော ခြိမ်းခြောက်မှုသို့ ဦးတည်နေသောကြောင့် အကျိုးသင့် အကြောင်းသင့် ကိုင်တွယ်ဖြေရှင်းရန် ခက်ခဲသည်။ သင်၏သောကများကို ဖယ်ရှားပစ်ရန် အကောင်းဆုံးနည်းလမ်းမှာ

သောကလာရာအရင်းအမြစ်ကို ရှင်းပစ်ရန် အပြုသဘောဆောင်ရွက်မှုယူခြင်း ဖြစ်သည်။ ပြဿနာများကို အပြုသဘောနှင့် ကိုင်တွယ်ဖြေရှင်းရန်အတွက် အစီအစဉ်တစ်ခုကိုရေးဆွဲပြီး သင့်အစီအစဉ်ကို အကောင်အထည်စဖော်သည်နှင့် သောကများကြောင့် သင် ဒုက္ခရောက်တော့မည်မဟုတ်ပေ။ အဆိုးမြင်အတွေးများက အပြုသဘောဆောင်သည့် အစီအစဉ်တစ်ခုအတိုင်း လိုက်ပါဆောင်ရွက်ရန် စိတ်ပိုင်းဖြတ်ထားသောလူတစ်ယောက်ကို အရှုံးပေးရစမြဲ ဖြစ်သည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

သင်၏သောကများကို ဖြေဖျောက်ရန် အကြံပြုထားပါသည်။ စာရွက်တစ်ရွက်စီပေါ်၌ သင်၏ တစ်ကိုယ်ရေ သောကတစ်မျိုးစီကို ချရေးပါ။ ၎င်းတို့ကို ဖတ်ကြည့်ပြီး တစ်ခုစီအကြောင်းကို စဉ်းစားပါ။ ထို့နောက်တွင် သောကစာရွက်တစ်ရွက်စီကို ဇာဂနာနှင့်ညှပ်ပြီး ဖယောင်းတိုင်မီးနှင့်ရှို့၍ "သောကတွေပျောက်ပြီ" ဟုပြောပါ။ ၎င်းက ဤသောကများအား ဖယ်ရှားရှင်းလင်းပစ်လိုသော သင်၏ဆန္ဒကို မီးမောင်းထိုးပြပေးသည့် သတင်းစကားကို သင့်မသိစိတ်ထဲသို့ ပို့ပေးသည်။ နောက်ဆုံးအနေဖြင့် မီးရှို့လိုက်သော စာရွက်အရေအတွက်နှင့် အတူတူဖြစ်သော စာရွက်များပေါ်တွင် သောကနေရာ၌ အစားထိုးမည့်အကောင်းမြင်ယုံကြည်မှုတစ်ခုစီ ချရေးပါ။ ၎င်းတို့က သင်၏ သောကများ သင့်ထံ တစ်ဖန်ပြန်၍ချဉ်းကပ်လာချိန်၌ လိုအပ်မည့် အတည်ပြုချက်များ ဖြစ်နိုင်သည်။

❑

ထွန်းပေါက်အောင်မြင်မှု

အကောင်းဆုံးအလုပ်သည် ဆင်ခြေပြန်မလာသောသူ၊ သို့မဟုတ် တာဝန်ကို သူတစ်ပါးထံ လက်လွှဲမပေးရဘဲ ပြီးမြောက်အောင် ဆောင်ရွက်နိုင်သူထံသို့သာ သွားရောက်သည်။

နပိုလီယံဟေးလ်

တာဝန်ကို အပြတ်ရှင်းခြင်း

နေ့ချင်း ညချင်း ကြီးပွားအောင်မြင်လာသည်ဟု ကျွန်ုပ်တို့ မြင်ကြသောလူများသည် အဆုံးသတ်တွင် သူတို့၏ ကြိုးပမ်းဆောင်ရွက်မှုများအတွက် အသီးအပွင့်များကို မခံစားရမီက မထင်မရှားဘဝနှင့် နှစ်ပေါင်းများစွာ ကြိုးပမ်းလာခဲ့ရခြင်းဖြစ်ကြောင်းကို ကျွန်ုပ်တို့ တွေ့ရလေ့ရှိသည်။ အောင်မြင်မှုသည် တစ်စတစ်စ တိုးပွားလာသော အားထုတ်မှုဖြစ်သည်။ မည်သည့်နယ်ပယ်၌မဆို ထိပ်ဆုံးသို့ ခရီးသည် အစဉ်သဖြင့်ရှည်လျားပြီး စနစ်တကျစီစဉ်မှုကို လိုအပ်သည်။

အောင်မြင်မှုလှေကား၏ ပထမအထစ်ကို သင်တက်လိုလျှင် အလုပ်တစ်ခုက စိန်ခေါ်မှုသိပ်မရှိဟု သင်ယူဆသည်ဖြစ်စေ၊ စိတ်မသက်မသာ ခံစားရသည်ဖြစ်စေ ယင်းအလုပ်ပြီးမြောက်ရေးကို သင် လက်ဦးမှုယူသင့်သည်။ နောက်ဆုံးတွင် သင်နှင့်ထိုက်တန်သော ဆုလာဘ်ကို ရရှိပါလိမ့်

မည်။ အလုပ်ပြီးမြောက်ရန် ဦးစားပေးသည့် အလေ့အကျင့်ကြောင့် သင်သည် ခေါင်းဆောင်၊ အလုပ်ရှင်ဖြစ်လာပါလိမ့်မည်။ သင်၏ဆောင်ရွက်ချက်များနှင့် သင့်အနာဂတ်အတွက် တာဝန်ယူပေးခြင်းဖြင့် သင်သည် အားကိုးယုံကြည်လောက်သူဖြစ်ကြောင်းကို သက်သေပြပေးလိုက်သောကြောင့် အကောင်းဆုံးအလုပ်များကို သင်ရလာပါလိမ့်မည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

အောင်မြင်မှုသည် တစ်စတစ်စ တိုးပွားလာသော အားထုတ်မှုဖြစ်သည်။ ဤသည်မှာ တစိမ့်စိမ့်တွေးတောချင်စရာ ဖော်ပြချက်ဖြစ်သည်။ လွယ်ကူသည်ဟု ထင်ရသော (သို့မဟုတ်) ရုတ်တရက်ဖြစ်ပေါ်သော အောင်မြင်မှုဟူ၍မရှိပေ။ လူတို့သည် အောင်မြင်မှုနှင့်နီးစပ်သော တာဝန်များကို ထမ်းဆောင်ခြင်းဖြင့် အောင်မြင်မှုအတွက် ၎င်းတို့၏ အခြေခံအုတ်မြစ်ကို နှစ်ပေါင်းများစွာ ပြင်ဆင်တည်ဆောက်ကြရသည်။ မည်သည့်အရာမှ နေ့ချင်းညချင်း မဖြစ်နိုင်ပေ။ အကယ်၍ ဖြစ်လာလျှင်လည်း အခြေအမြစ်မရှိတတ်ပေ။ သင်၏တိကျရေရာသော ရည်ရွယ်ချက်ကို ဆုံးဖြတ်ပြီးချိန်၌ အိမ်တစ်လုံးဆောက်သလိုပင် အတွင်းခန်းများကို ပြင်ဆင်မွမ်းမံခြင်းမပြုမီ အုတ်မြစ်ချခြင်း၊ ပုံစံတည်ဆောက်ခြင်း၊ နံရံများ၊ ရေပိုက်လိုင်းများ၊ လျှပ်စစ်မီးကြိုးများ စသည်တို့ကို ထည့်သွင်းတပ်ဆင်ခြင်းများ စတင်ပြုလုပ်နိုင်ပြီဖြစ်သည်။ ခြေတစ်လှမ်းနှင့်စတင်သော မိုင်ထောင်ချီခရီးရှည်၌ နေ့စဉ်ဆောင်ရွက်သည့်ရလဒ်များနှင့် တစ်ဆင့်ချင်းသွားပါ။

❑

ထွန်းပေါက်အောင်မြင်မှု

ဘဝတွင် သင်၏တိုးတက်မှုသည် သင့်စိတ်ထဲမှာပင်
စတင်၍ တစ်နေရာတည်းတွင် အဆုံးသတ်သည်။
နပိုလီယံဟေးလ်

စည်းနှင့်ကမ်းနှင့် တိုးတက်မှုယူပါ

ကြီးမားသော အောင်မြင်မှုတိုင်းသည် ကြီးမြတ်သောလူပုဂ္ဂိုလ်တစ်ယောက်၏စိတ်တွင် သန္ဓေတည်သော စိတ်ကူးရတနာမှစတင်ပြီး လက်တွေ့အသုံးဝင်မှုအတွက် ပုံသွင်းရာမှ ဇနာက်ဆုံးတွင် အစစ်အမှန် အကောင်အထည်ပေါ်လာရသည်။ သင်၏စိတ်ကို စဉ်ဆက်မပြတ် လေ့လာသင်ယူမှုမှ တစ်ဆင့် စိတ်ကူးစိတ်သန်းများအတွက် ဓာတ်ခံကောင်းမွန်သောနေရာတစ်ခုအဖြစ်ပြုလုပ်ပြီး စိတ်ကူးကောင်းများအတိုင်း လိုက်ပါဆောင်ရွက်ရန် သင့်ကိုယ်သင် စည်းကမ်းတကျလေ့ကျင့်မှုကို ဆက်တိုက်လုပ်ဆောင်နိုင်မည့် အခြေအနေများ ဖန်တီးပါ။ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မပြုလျှင် အိပ်မက်သည် အိပ်မက်သာဖြစ်သည်ဟူသောအဆိုမှာ ကမ္ဘာပေါ်တွင် အကောင်းဆုံးအယူအဆဖြစ်သည်။ လက်တွေ့အဖြစ် ပြောင်းလိုက်သော သာမန်စိတ်ကူးတစ်ခုပင်လျှင် ဖန်တီးနိုင်စွမ်းနှင့် စည်းစနစ်မရှိသော လူတစ်ဦး၏စိတ်၌ အားလျော့ပျက်ပြယ်သွားသည့် လျှပ်တစ်ပြက်ဉာဏ်ကွန်မြူးမှုထက် များစွာအဖိုးတန်ပေသည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

· အောင်မြင်သူဖြစ်ရန် စည်းကမ်းရှိဖို့လိုသည်။ စည်းကမ်းက စိတ်ကူးယဉ်သမားနှင့် လက်တွေ့သမား၊ ဖြစ်ချင်သူနှင့် အောင်နိုင်သူတို့ကို ခွဲခြားပေးသည်။ စည်းကမ်းက သင့်အတွေးများကို ပုံသွင်းရန်နှင့် ရလဒ်တစ်ခုဆီသို့ ခရီးပေါက်ရန်အတွက် အဆောက်အအုံကို ဖန်တီးပေးသည်။ စည်းကမ်းမရှိလျှင် သင့်အိပ်မက်များသည် အောင်မြင်မှုအဖြစ်သို့ အကောင်အထည်ဖြစ်မလာတော့သည့် ပုံသဏ္ဌာန်မပီပြင်သော အစုအပုံတစ်ခုအဖြစ်နှင့်သာ ကျန်ရှိနေတော့သည်။ သင်၏တိုးတက်ရေးအတွက် သင့်ကိုယ်သင် မည်သို့ စည်းကမ်းများ ကြပ်မတ်မည်နည်း။

❑

ထွန်းပေါက်အောင်မြင်ရှု

သင် မဖြစ်မနေလုပ်ရမည့်အလုပ်ကို ကြိုးကြိုးစားစား လုပ်ဆောင်သကဲ့သို့ သင်လုပ်ချင်သည့်အလုပ်ကို လုပ်ဆောင်မည်ဆိုလျှင် သင်သည် တစ်နေ့တခြား အောင်မြင်လာလိမ့်မည်။

နပိုလီယံဟေးလ်

အဆင်သင့်ဖြစ်ပြီလား

လုပ်ချင်သည့်အလုပ်နှင့် လုပ်ရမည့်အလုပ် နှစ်ခုစလုံးကို တစ်ပြိုင်တည်း လုပ်ဆောင်သင့်သည်ဟု အဆိုရှိသည်။ လုပ်ရမည့်အလုပ်ကို ကြိုးကြိုးစားစားလုပ်ဆောင်သကဲ့သို့ လုပ်ချင်သည့်အလုပ်ကို ကြိုးစားလုပ်ဆောင်သည့်အခါ အနာဂတ်အတွက် သင့်ကိုယ်သင် ပြင်ဆင်နေခြင်းပင်ဖြစ်သည်။ သင်သည် လက်ရှိ သင်၏နေရာအဆင့်အတန်းကို ကျော်လွန်၍ တိုးတက်အောင်မြင်ပြီး သင့်အလုပ်ရှင်၏နေရာ၊ ထိုမှတစ်ဆင့် ထိုအလုပ်ရှင်၏ အလုပ်ရှင်နေရာအား သင့်ကိုယူနိုင်စေမည့် အတတ်ပညာများကို သင်ယူနေခြင်းဖြစ်သည်။ အချိန်ကျလာသည့်အခါ သင်က အဆင်သင့်ဖြစ်နေပါလိမ့်မည်။

အလုပ်တစ်ခုကို ကျွမ်းကျင်ပိုင်နိုင်သွားသည့်အခါ ထိုနေရာမှာပင် ရပ်မနေပါနှင့်။ သင် ယခုလုပ်နေသည့်အလုပ်ကို မည်သို့တိုးတက်အောင် လုပ်မည်ဆိုသည်နှင့် အနာဂတ်တွင် သင့်ကို ထွန်းကားတိုးတက်စေမည့်

မည်သည့်အရာမျိုးကို သင်ယူနိုင်မည်နည်းဆိုသည်ကို ချက်ချင်းစဉ်းစားပါ။ ကျွန်ုပ်တို့၏ စီးပွားရေးလောကသည် ဉာဏ်ပညာပိုင်းဆိုင်ရာ ကြွယ်ဝမှုက ရုပ်ဝတ္ထုပစ္စည်းများထက် များစွာပိုအဖိုးတန်သည်။ ပညာကိုအခြေခံသော စီးပွားရေးလောကဖြစ်သည်။ ယနေ့အောင်မြင်ရန် ဆိုသည်မှာ စဉ်ဆက်မပြတ် သင်ယူမှုကို လိုအပ်သည်။ သင်၏လုပ်ငန်းနယ်ပယ်တွင် ခေတ်နှင့်အညီလိုက်ပါနေနိုင်ရန် အလျင်အမြန် ဆင့်ကဲပြောင်းလဲနေသော ကျွန်ုပ်တို့၏ ကမ္ဘာကြီး၌ တစ်သက်တာလုံး သင်ယူလေ့လာနေမှုဖြစ်ပါမည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

လမ်းကြောင်းပေါ်မှာပဲ နေပါ။ လုပ်စရာရှိသည်ကိုလုပ်ပါ။ သင့်မှာ အင်အားရှိလာရမည်။ ယခုစလုပ်ပါ။ လက်မလျှော့လိုက်ပါနှင့်။ ဤအရာ အားလုံးသည် ဆောင်ရွက်မှုကို အသားပေးသော လမ်းညွှန်ချက်များဖြစ်သည်။ ဆောင်ရွက်မှုက ရလဒ်များကို ဖြစ်စေသည်။ ကမ်းကပ်ထားသော သင်္ဘောကို သင် ထိန်းချုပ်မောင်းနှင်နိုင်မည်မဟုတ်ပေ။ သင်လိုချင်သည့် အရာကို ရရှိပြီးသူများအား အတုယူခြင်းဖြင့် သင်၏အနာဂတ်အောင်မြင်မှုအတွက် သင့်ကိုယ်သင် ပြင်ဆင်ပါ။ လမ်းညွှန်မြေပုံက သူတို့ထံတွင် ရှိသည်။ သင်က လိုက်လျှောက်ရန်သာလိုသည်။

❑

ထွန်းပေါက်အောင်ဖြင့်ရှု

သင်၏စိတ်ကို ကန့်သတ်ထားသောအရာများကို သင်ကိုယ်တိုင်သာ ပြုလုပ်ခြင်းဖြစ်ကြောင်း မှတ်သားပါ။

နပိုလီယံဟေးလ်

သင်၏အကန့်အသတ်မှာ အဘယ်နည်း

တစ်မိုင်ကို လေးမိနစ်နှင့် အရောက်ပြေးရန် နှစ်အတန်ကြာအောင် အားကစားသမားများ ကြိုးပမ်းခဲ့ကြသည်။ သို့သော် ဤသည်မှာ မည်သူမျှ မကျော်လွှားနိုင်သော အတားအဆီးတစ်ခုလိုဖြစ်နေသည်။ ၁၉၅၄ ခုနှစ်၊ မေလ ၆ ရက်တွင်မူ ရော်ဂျာဂီးလ်ဘတ်ဘန်းနစ်စတာဆိုသူ ဗြိတိသျှလူမျိုး အပြေးသမားတစ်ဦးသည် ကမ္ဘာစံချိန်ထူရန် တစ်မိုင်ကို ၃:၅၉.၄ မိနစ်နှင့် အရောက်ပြေးခဲ့သည်။ များမကြာမီပင် အခြားအပြေးသမားများသည်လည်း ဘန်းနစ်စတာ၏ စံချိန်ကို ချိုးခဲ့ကြသည်။ ကျွန်ုပ်တို့သည် အစဉ်အလာအရ သိသောအသိကို အမှန်တရားအဖြစ် လက်ခံထားတတ်ကြသည်။ သင်၏ရည်မှန်းချက်များကို မြင့်မြင့်မှာထားပါ။ သင့်ကိုယ်သင်ထားသော ကန့်သတ်ချက်များကြောင့် ရည်မှန်းချက်ကို လျှော့မထားပါနှင့်။ ကျွန်ုပ်တို့ တတ်နိုင်သော အောင်မြင်မှုအဆင့်သို့ လူအများစု မရောက်နိုင်ရသည့်အကြောင်းမှာ ထိုသို့လုပ်ကြည့်ရန် မိမိကိုယ်ကို စိန်ခေါ်မကြည့်သောကြောင့်ဖြစ်သည်။ ရောဘတ်ဘရောင်းနင်း ပြောဖူးသည့်စကားက အကောင်းဆုံးဖြစ်ဟန်တူပါ

သည်။ "လူတစ်ယောက်ဟာ သူ လက်လှမ်းမီတဲ့နေရာထက် ကျော်လွန်ပြီး ရောက်ရှိနိုင်ရမယ်။ ဒါမှမဟုတ်ရင် နိဗ္ဗာန်ဆိုတာ ဘာလုပ်ဖို့လဲ"

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

အဘယ့်ကြောင့် သင် လက်လှမ်းမီရာနေရာထက် ကျော်လွန်ရောက်ရှိနေသင့်သနည်းဆိုသည်ကို သင့်ကိုယ်သင် မေးကြည့်ပါ။ အဘယ့်ကြောင့် ရည်မှန်းချက်ကြီးကြီးမထားနိုင်ရမည်နည်း။ သင့်ကိုယ်သင်အတွက် အကောင်းဆုံးကို မျှော်လင့်ရန် ကြောက်ရွံ့နေပါသလား။ အဘယ့်ကြောင့်နည်း။ မည်သည့်အရာက သင့်ကို နောက်တွန့်စေပါသနည်း။ သင် တိုင်းတာခန့်မှန်းနိုင်မည်ကိုသိခဲ့လျှင် မည်သည့်ရည်မှန်းချက်ကို အကောင်အထည်ဖော်ချင်ပါသနည်း။ ယခု အေးအေးဆေးဆေးထိုင်၍ တစ်ကြိမ်လောက် အိပ်မက်ကြီးကြီး မက်ကြည့်လိုက်ပါ။ သင့်ကို သင့်စိတ်ကူးများက မိုးမြင့်အာကာသတိုင်အောင် ခေါ်ဆောင်သွားခွင့်ပေးလိုက်ပါ။ လကိုကျော်၍ ကြယ်စင်များဆီ အရောက်သွားလိုက်ပါ။ ထိုနေရာသို့ရောက်လျှင် သင်၏စိတ်ကူးအိပ်မက်ကို သင်၏အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အထိအတွေ့ အာရုံငါးပါးနှင့် ထိတွေ့မှုပေးလိုက်ပါ။ သင့်အိပ်မက်က မည်သို့မည်ပုံရှိသည်ဆိုသည်ကို အမိအရ ဖမ်းဆုပ်မိအောင်လုပ်ပါ။ ပြီးလျှင် ချက်ချင်း အလျင်အမြန်ချရေးပါ။ ရက်စွဲမှတ်ပါ။ ပြန်ဖတ်ပါ။ သိမ်းဆည်းပါ။ သင် ရေးထားသော သင့်အိပ်မက်အကြောင်းကို စွဲမြဲသော အလေ့အနေဖြင့် နေ့စဉ်ပြန်ဖတ်ပါ။ ပြီးလျှင် ထိုအိပ်မက်ဆီသို့ သင် မည်မျှနီးကပ်လာပြီဆိုသည်ကို နေ့စဉ်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်ထားပါ။

❑

အခက်အခဲ

"အောင်မြင်မှုဥပဒေသနဲ့ အဓိကကျတဲ့အချက် ၁၅ ချက် အကြောင်းကိုစွဲကိုင်ပြီး ကိုယ်ဟောပြောလာခဲ့တာ ခုနစ်နှစ်ထက် မနည်းတော့ဘူး။ တခြားသူတွေကို အောင်မြင်ရေးစကားတွေ ပြောနေချိန်မှာ ကိုယ့်မိသားစုကတော့ လိုအပ်ချက်တွေနဲ့ ခက်ခဲနေတာကို ကြုံရတော့ ဒါတွေဟာ အတုအယောင်တွေလို့ တစ်ခါတစ်ခါ ထင်လာမိတယ်။ ဒါကို ဘာကြောင့်လုပ်ဖြစ်ခဲ့တယ်ဆိုတာကို ကိုယ်လည်းမသိဘူး။ မင်းလိုပဲ ကိုယ်စဉ်းစားမိတဲ့အချိန်တွေလည်း ရှိတယ်။ အခြေအနေတွေ ထူးပြီးကောင်းမလာဘူးဆိုရင် အားလုံးကို မေ့ပစ်ခဲ့ပြီး အနည်းဆုံးတော့ အသင့်အတင့် လူနေမှုပုံစံနဲ့ နေထိုင်နိုင်တဲ့ စာရင်းကိုင်အလုပ်လိုဟာမျိုးကိုပဲ ပြန်လုပ်ရင်ကောင်းမလားလို့လေ။ ဒါပေမဲ့ ကိုယ့်ကို ဒီလိုလုပ်ခွင့်မပေးတဲ့အကြောင်းတစ်ခုက ရှိနေတယ်။ တခြားနည်းမရှိတာကြောင့် ကိုယ်ဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ခဲ့ရတယ်။ ဒုက္ခတွေခံခဲ့ရတယ်။ စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ရတယ်။ သူများတွေကိုလည်း စိတ်အနှောင့်အယှက် ဖြစ်စေခဲ့တယ်။ ကိုယ်ဟာ အခြေအနေတစ်ရပ်မှာ ကူကယ်ရာမဲ့နေခဲ့တယ်။ တကယ်လို့ အခြေအနေတွေ ကောင်းမွန်အဆင်ပြေသွားရင်လည်း ကိုယ် ဂုဏ်ယူမိမှာမဟုတ်ဘူး။ ပြီးခဲ့တဲ့ ခြောက်

နှစ်၊ ခုနှစ်အတွင်းမှာ ဖြစ်နိုင်ရင် ကိုယ့်ရဲ့လမ်းကြောင်းကို အကြိမ်ကြိမ်ပြောင်းလဲချင်ခဲ့မိတဲ့အတွက်ကြောင့်ပဲ"

(၁၉၂၅၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် အိုဟိုင်းယိုးပြည်နယ် မက်ဆီလ်လွန်မြို့မှ မစ္စစ် ဖလော်ရင့်စ်ဟေးလ်ထံသို့ နပိုလီယံဟေးလ် ရေးသည့်စာမှ)

❑

အခက်အခဲ

ကြီးမားသော အောင်မြင်မှုဟူသည် ရုန်းကန်ခြင်းမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။

နပိုလီယံဟေးလ်

အားနည်းချက်မှလာသော အားသာချက်

"ကျွန်ုပ်တို့၏ အားသာချက်သည် အားနည်းချက်မှ အစပြုလာခြင်းဖြစ်သည်။ လျှို့ဝှက်သောတွန်းအားများကို လက်နက်အဖြစ် တပ်ဆင်ထားသော နာကြည်းစိတ်ကို နှိုးဆွပေးသည့် ထိခိုက်နာကျင်မှုမျိုးကို ကျွန်ုပ်တို့ မရရှိသရွေ့တော့ ထိသို့မဖြစ်နိုင်ပေ" ရာ့ဖ်ဝေါလ်ဒိုအမ်မာဆန်က ထိသို့ပြောခဲ့ပါသည်။ ပဋိပက္ခနှင့် ရုန်းကန်ကြိုးပမ်းမှုများက အခက်အခဲများကို ကျော်လွှားရန်နှင့် စစ်မှန်သောအောင်မြင်မှုဆီသို့ သင့်ကိုယ်သင် တွန်းပို့ပေးရန် သင့်ကို လှုံ့ဆော်ပေးနိုင်သည်။ ရုန်းကန်ကြိုးပမ်းမှုတိုင်းကို မိမိဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းအဖြစ်ရှုမြင်ပါ။ ရဲဝံ့ခြင်းကို တည်ဆောက်သော ရလဒ်မဟုတ်ဘဲ ၎င်းသည်ပင် ရုန်းကန်ကြိုးပမ်းမှုဖြစ်သည်။ သင်မှန်ကြောင်းကို သင်သိလျှင် တစ်လောကလုံးက သင့်ကို ဆန့်ကျင်နေပါစေ၊ လူတိုင်းက သင့်အဆုံးအဖြတ်အတွက် မေးခွန်းထုတ်နေပါစေ လျှောက်မြဲလမ်းကို ဆက်လျှောက်ပါ။ သင် အောင်မြင်သည့်အခါ (စွဲစွဲမြဲမြဲလုပ်လျှင် နောက်ဆုံးတွင် သင် အောင်မြင်ပါလိမ့်မည်) သင် လုပ်နိုင်လိမ့်မည်ဆိုသည်ကို သိနေခဲ့ပါ

ကြောင်း သူတို့အားလုံးက သင့်ကိုပြောပါလိမ့်မည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

စာရွက်တစ်ရွက်ကိုယူပါ။ အပေါ်မှအောက်သို့ စာရွက်အလယ်မှ မျဉ်းတစ်ကြောင်းဆွဲပါ။ ဘယ်ဘက်ခြမ်းအပေါ်တွင် 'အားနည်းချက်များ'၊ ညာဘက်ခြမ်းအပေါ်တွင် 'အားသာချက်များ' ဟု ခေါင်းစဉ်တပ်ပါ။ အထူးတလည် မစဉ်းစားဘဲနှင့် သုံးမိနစ်မှ ငါးမိနစ်အတွင်း သင်၏ အားနည်းချက်အခု ၂၀ ကို ချရေးပါ။ ပြီးလျှင် ညာဘက်ခြမ်းတွင် တစ်ဖက်အားနည်းချက်မှ အစပြုဖြစ်ပေါ်လာနိုင်သော အားသာချက်တစ်ခုခုကို ချရေးပါ။ သင်စိုက်သော မျိုးစေ့သည် သင် ရိတ်သိမ်းရမည့်အသီးအပွင့်ကို ဆုံးဖြတ်ပေးသည်ဆိုသည်ကို သတိရပါ။ အခက်အခဲမျိုးစေ့များသည်ပင်လျှင် စိုက်ပုံပျိုးပုံ၊ ပြုစုပျိုးထောင်ပုံတို့ကို သင်သိလျှင် အောင်မြင်မှုပျိုးပင်များအဖြစ် ရင့်သန်လာပါလိမ့်မည်။ သင်၏ဖုံးကွယ်နေသော ပါရမီခံအရည်အချင်းအချို့ကို ယနေ့အဘယ်ကြောင့် မဖော်ထုတ်ရမည်နည်း။

❑

အခက်အခဲ

သင်၏ ကံဆိုးမိုးမှောင်မှုများကြောင့် ကြယ်များဆီသို့ မျှော်မကြည့်ပါနှင့်။ ပိုမိုကောင်းမွန်သောရလဒ်များကို ရရှိရန် သင့်ကိုယ်သင်ပြန်ကြည့်ပါ။

နပိုလီယံဟေးလ်

သင်၏ကံကြမ္မာသည် သင့်လက်ထဲမှာရှိသည်

သင် မထိန်းချုပ်နိုင်သော အရာများစွာရှိသည်။ သို့သော် အမှန်တကယ် အရေးကြီးသည့်အရာတို့ကိုတော့ သင် ထိန်းချုပ်နိုင်သည်။ သင့်စိတ် သင့်သဘောကို ဖြစ်သည်။ ပြင်ပမှလာသော တွန်းအားများက အောင်မြင်မှုနှင့် အနည်းငယ်သာ သက်ဆိုင်သည်။ အောင်မြင်မှုအတွက် မိမိကိုယ်ကိုယ် ပြင်ဆင်ထားကြသူများမှာမူ အခက်အခဲဆုံးအခြေအနေများမှာပင်လျှင် အောင်မြင်ရန်လမ်းစကို ရှာတွေ့နိုင်ကြသည်။ ပြဿနာအများစုအတွက် အဖြေမှာ အရင်းအမြစ်တစ်ခုတည်းမှသာလာသည်။ ထိုအရင်းအမြစ်မှာ သင်ကိုယ်တိုင်ပင်ဖြစ်သည်။

ဘဝကို အကောင်းမွန် အပြည့်စုံဆုံး ရှင်သန်နေထိုင်ရေးသည် ရေစီးသန်၍ ကျောက်ဆောင်ထူပြောသော မြစ်တစ်ခုအတွင်း လှေစီးရခြင်းနှင့် အတော်တူသည်။ တစ်ခါဆုံးဖြတ်ပြီးလျှင် ပြန်လှည့်ရန်၊ သင့်စိတ်ကို ပြောင်းလဲရန် ခက်ခဲသွားပြီး ကျယ်ပြောရ ရေစီးညင်သာသော မြစ်ပြင်သို့ရောက်

အောင်သာ လော်ခတ်ရတော့သည်။ သို့သော် ဤသည်မှာ ကြိုးပမ်းရကျိုးနပ်သော စိတ်လှုပ်ရှားမှုနှင့် စွန့်စားခြင်းတစ်မျိုးဖြစ်သည်။ သင် ဘယ်တော့မှ ကြိုးစားမကြည့်ခဲ့ဘူးဆိုလျှင် မျှော်လင့်ချက်ပျက်သုဉ်းခြင်း၏ အတိမ်အနက်ကို သင် သိနိုင်မည်မဟုတ်ပေ။ အလားတူ အောင်မြင်မှုကြောင့် ရင်ဖိုစိတ်လှုပ်ရှားရသော အတွေ့အကြုံကိုလည်း သင် ရရှိလိမ့်မည်မဟုတ်ပေ။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

ဘဝကို အကောင်းမွန်၊ အပြည့်စုံဆုံး ရှင်သန်နေထိုင်ရန် ဆုံးဖြတ်ပါ။ မိမိကိုယ်ကိုယ် စိန်ခေါ်မှုများ ပြုလုပ်ကြည့်ပါ။ သင်သာလျှင် တတ်နိုင်သော အိပ်မက်ပိုင်ရှင်အဖြစ် ခံယူကြည့်လိုက်ပါ။ ငါ နိုင်ငံရပ်ခြားခရီးတွေ ရောက်အောင်သွားနိုင်ရမယ်။ ရန်သူတစ်ယောက်ကို မိတ်ဆွေဖြစ်လာအောင် ပြောင်းနိုင်ရမယ်။ ဒီနေ့အတွက် အလျော်အစားမပါဘဲ ကိုယ်ကျိုးမဖက် ဆောင်ရွက်မှုတစ်ခုခု ငါလုပ်နိုင်ရမယ် စသည်ဖြင့် စိန်ခေါ်ကြည့်လိုက်ပါ။ ယခုချက်ချင်းသာ အကောင်အထည်ဖော်ကြည့်ပါ။

❑

အခက်အခဲ

သူ ဘယ်တော့မှ အခွင့်အရေးမရခဲ့ပါဘူးလို့ ညည်းတွားနေတဲ့လူဟာ အခွင့်အရေးကို လှမ်းယူဖို့ သတ္တိမရှိတဲ့လူဖြစ်ဖို့များတယ်။

နပိုလီယံဟေးလ်

အခွင့်အရေးကို ယူရဲသည့်သတ္တိ

အခွင့်အရေးကို ရောက်လာသည့်အချိန်၌ လူအများစု မသိမြင်ရသည့် အကြောင်းမှာ အခွင့်အရေးသည် အလုပ်နှင့်တူအောင် အရေခြုံလာသော ကြောင့်ဟု သောမတ်စ်အယ်ဒီဆင်က ပြောခဲ့ဖူးပါသည်။ အခွင့်အရေးတွင် များစွာသောအလုပ် ပါဝင်သလို ရလဒ်မသေချာသော တစ်စုံတစ်ခုအတွက် စွန့်ရဲသည့်သတ္တိမျိုးကို အခွင့်အရေးက လိုအပ်သည်။

တစ်ချိန်တွင် သင်သည် ရေရေရာရာမသိဘဲနှင့် အခွင့်အရေးတစ်ခုကို လက်ခံရမည့်၊ သို့မဟုတ် ကျော်ခိုင်းစွန့်လွှတ်ရမည့် အမှတ်တစ်ခုသို့ ရောက်ရှိလိမ့်မည်။ ထိုအမှတ်သို့ မည်သည့်အချိန် သင်ရောက်ရှိမည်ကို မည်သူမျှ မပြောနိုင်ပေ။ သင် ခြေလှမ်းစရမည့်အချိန်၊ စွန့်စားကြည့်ရမည့် အချိန်ကို သင်တစ်ဦးတည်းသာ သိနိုင်ပါလိမ့်မည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

လှမ်းမယူခဲ့သော အခွင့်အရေးများသည် ထာဝရဆုံးရှုံးသွားသည့် အခွင့်အရေးများဖြစ်ကြသည်။ အခွင့်အရေးက တံခါးခေါက်လာချိန်၌ မည်သူမျှမရှိသည့်အခါ သင်၏အောင်မြင်မှု မိခင်နတ်သမီးကို လက်လွှတ်ဆုံးရှုံးရမည်ဖြစ်သည်။ အတွေးတစ်ခု (သို့မဟုတ်) အခွင့်အရေးတစ်ခု ကျွန်ုပ်တို့ထံသို့ ဝင်ရောက်လာသည့်အခါ ချက်ချင်းလက်ငင်း အကောင်အထည်ဖော်ဆောင်ရွက်ပါဟု ဒေါက်တာဟေးလ်က ပြောပါသည်။ ကျွန်ုပ်တို့က စဉ်းစားချိန်ယူနေလျှင် တစ်စုံတစ်ယောက်က ကြားဝင်စိန်ခေါ်ကြည့်ပြီး သင်အဖြေပြန်မပေးနိုင်မီပင် အောင်မြင်မှုလမ်းစပေါ်သို့ ရောက်ရှိသွားလိမ့်မည်။ ယနေ့အခွင့်အရေးက သင့်ကို တံခါးခေါက်လာသည့်အခါ တံခါးကိုဖွင့်၍ အောင်မြင်မှုကို လက်ကမ်းနှုတ်ဆက်လိုက်ပါ။ အခွင့်အရေးကို လက်ခံရဲသည့်သတ္တိကို မွေးမြူပြီး သင့်အတွက် အကျိုးရှိအောင်လုပ်လိုက်ပါ။

❑

အခက်အခဲ

သင်ကိုယ်တိုင်မှလွဲ၍ မည်သူမျှ သင့်ကို လဲကျအောင် မလုပ်နိုင်။

နပိုလီယံဟေးလ်

မိတ်ဆွေလား။ ရန်သူလား

တစ်ခါတစ်ရံ၌ သင်သည် သင်ကိုယ်တိုင်၏ အဆိုးတကာ့ အဆိုးဆုံး ရန်သူဖြစ်နေသည်ဟု ခံစားမိပါသလား။ ကျွန်ုပ်တို့ မည်မျှပင် ကြိုးစားပါစေ အကြောင်းကိစ္စများက အဆင်မချောသည့်အချိန်၊ အရာအားလုံး မှားယွင်းသွား၍ ကိုယ့်ကိုယ်ကိုယ်မှလွဲ၍ အပြစ်တင်စရာ ရှာမတွေ့သည့်အချိန်မျိုး ကျွန်ုပ်တို့အားလုံး ကြုံဖူးကြပါသည်။ သို့ရာတွင် သင်သည် တစ်ခါတစ်ရံ၌ သင်ကိုယ်တိုင်၏ အဆိုးဆုံးရန်သူဖြစ်သကဲ့သို့ အကောင်းဆုံးမိတ်ဆွေလည်း ဖြစ်နိုင်ပါသည်။ ဤအကူးအပြောင်းက ကမ္ဘာပေါ်၌ သင်၏ အောင်မြင်မှု၊ ဆုံးရှုံးမှုတို့ကို အဆုံးအဖြတ်ပေးနိုင်မည့် တစ်ဦးတည်းသောသူမှာ သင်ကိုယ်တိုင်ဖြစ်ကြောင်း သဘောပေါက်လာသည့်အချိန်၌ ဖြစ်ပေါ်တတ်သည်။

သင့်ကိုယ်သင် အရှိအတိုင်းလက်ခံပြီး သင်ဖြစ်ချင်သောလူတစ်ယောက် ဖြစ်လာရန် လိုအပ်သည့်ဆောင်ရွက်မှုပြု၍ ရင့်ကျက်မှုနှင့် ကိုယ်ရည်ကိုယ်သွေးကောင်းမွန်ခြင်းကို တည်ဆောက်နိုင်သည့်အခါ သင်၏

အကောင်းဆုံးမိတ်ဆွေကို ရှာတွေ့နိုင်ပါသည်။ သင့်ကိုယ်သင် ဓမ္မဓိဋ္ဌာန် ကျကျ ဆန်းစစ်ကြည့်သည့်အခါ သင်၏အားသာချက်များကို ရှာတွေ့နိုင်ပြီး အားနည်းချက်များနေရာတွင် အစားထိုးနိုင်ပါလိမ့်မည်။ ထိုအခါ သင်၏ အောင်မြင်မှုလမ်းကြောင်းတွင် ပိတ်ရပ်နေသောသူမှာ သင်ကိုယ်တိုင်ပင်ဖြစ်ကြောင်း သိလာပါလိမ့်မည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

ထူးခြားသောအရည်အချင်းတစ်ခုကို သင်လိုချင်သည့်အခါ ၎င်းကို ရရှိရန် အကောင်းဆုံးနည်းလမ်းမှာ သင့်မှာရှိပြီးသားကဲ့သို့ နေရန်ဖြစ်သည် ဟူသောနည်းက လူသိများသောနည်းဖြစ်သည်။ သင်၏လုပ်ငန်းခွင်နယ်ပယ်၌ ခေါင်းဆောင်ဖြစ်လိုပါသလား။ ထိုနယ်ပယ်ရှိ ခေါင်းဆောင်များ မည်ကဲ့သို့ ပြုမူနေထိုင်သနည်းဆိုသည်ကို သင့်ကိုယ်သင်မေးကြည့်ပြီး သူတို့ နေသလို လိုက်နေကြည့်ပါ။ သင်လိုချင်သည့်နေရာသည် သင့်မှာရှိပြီးသား နေရာကဲ့သို့ဖြစ်နေအောင် သင့်ကိုယ်သင်ပြင်ဆင်ပါ။ ဤနည်းကို လုပ်ငန်းခွင်အပြင်မှာလည်း ကောင်းစွာအသုံးချနိုင်သည်။ မိတ်ဆွေများများ သင်လိုချင်ပါသလား။ မိတ်ဆွေများများရှိသောလူတို့ မည်သို့ပြုမူနေထိုင်သနည်းဆိုသည်ကို စောင့်ကြည့်လေ့လာပြီး သူတို့ကို နမူနာယူပါ။ အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုခုကို စဉ်းစားသည့်အခါ ထိုပညာရပ်ဆိုင်ရာအလုပ်များအတွက် အပြောင်မြောက်ဆုံး စွမ်းဆောင်မှုများကို ညွှန်ပြသည့် အဆင့်သတ်မှတ်ချက်များကို ဆန်းစစ်ကြည့်ပါ။ ရွေးချယ်မှုပြုလုပ်ပြီး ထိုသူတို့၏ ခြေရာကို နင်းနိုင်အောင်ကြိုးစားပါ။ တစ်ကြိမ်လျှင် တစ်လှမ်းချင်းသွားသော အောင်မြင်မှုခြေလှမ်းများက သင့်ရွေးချယ်မှု၏ပန်းတိုင်ဆီသို့ မကြာမီ ရောက်ရှိနိုင်လိမ့်မည်ဆိုသည်ကို သတိရပါ။

❑

အခက်အခဲ

သင့်အား ရိုက်နှက်နာကျင်စေသောအရာသည် ရှုံးနိမ့်ခြင်းမဟုတ်။ ၎င်းအပေါ်ထားသည့် သင်၏ စိတ်သဘောထားသာဖြစ်၏။

နပိုလီယံဟေးလ်

အရှုံး၊ သို့မဟုတ် အယောင်ဆောင်သမား

ဘဝတွင် သင် မထိန်းချုပ်နိုင်သော အရာများစွာရှိသည်။ သို့သော် ထိုအရာများအပေါ်တွင်ထားသည့် သင်၏သဘောထားကိုတော့ သင် အစဉ်ထိန်းချုပ်နိုင်ပါသည်။ အရှုံးဆိုသည်မှာ သင်က ခွင့်မပြုလျှင် အမြဲမရှိနိုင်ပေ။ သင့်၌ အကောင်းမြင်သဘောထားရှိသောအခါ ကျရှုံးခြင်းကို အယောင်ဆောင်အဖြစ် သင် သိမြင်ပြီး ၎င်းသည် သင့်ကို နောက်တစ်ကြိမ် ကြိုးပမ်းမှု၌ အောင်မြင်အောင်ကူညီမည့် အဖိုးတန်သင်ခန်းစာ၊ သင်ယူမှု အတွေ့အကြုံတစ်ခုအဖြစ် နားလည်လာပါလိမ့်မည်။

သင့်ကိုယ်သင် မေးကြည့်ပါ။ ရလဒ်ပြောင်းသွားအောင် ဘယ်လိုကွဲပြားခြားနားစွာ လုပ်ဆောင်ရင်ကောင်းမလဲ။ ပြဿနာတွေနဲ့ အမှားအယွင်းတွေနည်းသွားအောင် အနာဂတ်မှာ ဘာလုပ်နိုင်မလဲ။ ဒီအတွေ့အကြုံကနေ နောက်တစ်ကြိမ်မှာ ကောင်းကောင်းအသုံးချလို့ရမယ့် ဘယ်အရာကို ရရှိခဲ့သလဲ။ အခက်အခဲနှင့် အတားအဆီးများကို အကောင်းမြင်သဘောထားနှင့်

သင်ချဉ်းကပ်လျှင် ရှုံးနိမ့်ခြင်းကို အောင်နိုင်ခြင်းအဖြစ်သို့ သင် မည်မျှ မြန်မြန်ပြောင်းလဲပစ်နိုင်သနည်းဆိုသည်ကို သင် အံ့အားသင့်ဖွယ် မြင်တွေ့ရလိမ့်မည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

သင် လက်သင့်မခံသ၍ အရှုံးသည် အရှုံးမဟုတ်ဟု အဆိုရှိသည်။ သင်၏ဘဝတွင် သင်လုပ်နိုင်သည်၊ မလုပ်နိုင်သည်ဟူသော အကြောင်းနှင့် ပတ်သက်၍ တစ်စုံတစ်ယောက်ကို ဘယ်နှကြိမ်ခန့် ဆုံးဖြတ်ခွင့်ပေးခဲ့ဖူးပါသနည်း။ သင်၏ထိန်းချုပ်မှုတည်ရာကို သူတစ်ပါးအားပေးလိုက်ခြင်းသည် သင်၏ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကို ဘေးဖြစ်စေပြီး ကိုယ်စွမ်းကိုယ်စကိုလည်း ပျက်စီးစေပါသည်။ ယနေ့မှစ၍ သင့်ဘဝကို အခြားသူများအားပြဋ္ဌာန်းခွင့်ပေးခြင်းကို ရပ်လိုက်ပါ။ သင် လုပ်ချင်သည့်အရာကို သင်ကိုယ်တိုင်ဆုံးဖြတ်ရန် ရည်မှန်းချက်ချပါ။ သင့်မှာ လုပ်ချင်သည့်ဆန္ဒရှိလျှင် သင်၏ ထိုအရာအပေါ် အောင်မြင်အောင် လုပ်ဆောင်နိုင်စွမ်းကို ထိုဆန္ဒတစ်ခုတည်းက တင်ကြိုပြဋ္ဌာန်းပြီးဖြစ်သည်။ မဆုတ်မနစ်ကြိုးပမ်းမှုက ကောင်းမွန်သောရလဒ်များအတွက် သော့ချက်ဖြစ်သည်။ အစတွင် သင်သည် ထိုအရာနှင့် အသားကျပြီးသားသူတစ်ယောက်လောက် မြန်မြန်ဆန်ဆန်နှင့် ချောချောမွေ့မွေ့ ဆောင်ရွက်နိုင်လိမ့်မည်မဟုတ်သော်လည်း အချိန်ပေး၍ တစိုက်မတ်မတ် ဆောင်ရွက်မည်ဆိုပါက မဝေးသောအနာဂတ်တွင် အကျိုးရလဒ်များ ခံစားရပါလိမ့်မည်။ သရက်ပင်ဆိုသည်မှာ သရက်စေ့မှ အပင်ပေါက်ခြင်းဖြစ်သည်ကို သတိရပါ။

❑

အခက်အခဲ

လုပ်၍မရနိုင်ဟု မည်သူက သင့်ကိုပြောသနည်း။ သင့်အတွက် ကန့်သတ်မှုများ ချပေးရလောက်အောင် ထိုသူက မည်မျှစွမ်းဆောင် အောင်မြင်နိုင်သူဖြစ်သနည်း။

နပိုလီယံဟေးလ်

အလကားပဲတင်း အကြံ၏တန်ဖိုး

သူတစ်ပါးကို အလကားနေရင်း အကြံပေးနေကြသူများသည် ကိုယ်တိုင်ဖြစ်မြောက်အောင်မြင်အောင် စွမ်းဆောင်နိုင်မှုအနည်းဆုံးသူများ ဖြစ်ကြသည်ကို ဘဝကိုဖြတ်သန်းရင်း သင် တွေ့လာရလိမ့်မည်။ အလုပ်များသော၊ အောင်မြင်သောလူများသည် သင့်ကို ဘဝနေမှုထိုင်မှုပုံစံ ပြောပြပေးရန် စိတ်ဝင်စားကြမည်မဟုတ်ပေ။ သူတို့ကိစ္စနှင့်သူတို့ အလုပ်ရှုပ်နေကြပေလိမ့်မည်။ ကမ္ဘာပေါ်တွင် အရှုံးသမားနှင့် လူပျင်းလူညံ့များသာ အချိန်အပေါ်ဆုံးဖြစ်သည်။ သူတို့က သင် ကျရှုံးသည့်အခါ ဝမ်းသာအားရကြသည်။ ယာယီအခက်အခဲတစ်ခုခုနှင့် သင်ကြုံရသည့်အခါ "ငါမပြောလား" ဟူသောစကားမျိုး ပြောရန်လည်း ဝန်မလေးကြပေ။

တစ်စုံတစ်ယောက်က သင်ရယူရန် ကြိုးပမ်းနေသည့် အရာတစ်ခုကို မဖြစ်နိုင်၊ (သို့မဟုတ်) မကြိုးစားထိုက်ဟုဆိုလာလျှင် သူတို့ရော ဘဝတွင် မည်သည့်အောင်မြင်မှုများ ရရှိခဲ့သနည်းဆိုသည်ကို အသေအချာကြည့်ကြည့်ပါ။ ၎င်းတို့သည်လည်း ဘဝတွင် ရေရေရာရာလုပ်ဆောင်ခဲ့သူများ

မဟုတ်ကြောင်း သင်တွေ့ဖို့များပါသည်။ အောင်မြင်သောလူများသည် အကောင်းမြင်သမားများဖြစ်ကြသည်။ ၎င်းတို့တွင် အောင်မြင်သည့် စရိုက်သဘာဝရှိကြသည်။ ၎င်းတို့အား ကျရှုံးစေချင်သော သူတို့၏အသံကို နားမထောင်ဘဲ မိမိထံမှလာသောအသံကိုသာ နားထောင်ရန် ရှေးမဆွကပင် ၎င်းတို့ သိရှိခဲ့ကြသောကြောင့်ဖြစ်သည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

ဒေါက်တာဟောလ်၏ မမြင်ရသည့် အကြံပေးပုဂ္ဂိုလ်များအကြောင်းကို ကြားဖူးပါသလား။ ၎င်းတို့သည် သူ၏ ကောင်းရာမွန်ရာ အကျိုးစီးပွားကို စောင့်ရှောက်ရန် သူ စီစဉ်ထားသည့် စိတ်လမ်းညွှန်များဖြစ်ကြသည်။ အတိုင်းအတာပမာဏ တိတိကျကျနှင့် ဆောင်ရွက်ရန် သူ့အတွက် သတိပေးချက်များအနေဖြင့် ၎င်းတို့ကို ဖန်တီးခဲ့ခြင်းဖြစ်သည်။ တစ်ခါတစ်ခါ၌ သူက ၎င်းတို့ကို ဝိဇ္ဇာများအဖြစ် ရည်ညွှန်းလေ့ရှိသည်။ ဥပမာ– ကျန်းမာကြံ့ခိုင်ရေးဝိဇ္ဇာဟူ၍ရှိပြီး ၎င်း၏ရည်ရွယ်ချက်မှာ ဒေါက်တာဟောလ်၏ ကျန်းမာရေးကို စောင့်ကြည့်ပေးရန်ဖြစ်သည်။ ဤနည်းက အခြားသူများ ပြုလုပ်သည့် စာရင်းတို့ခြင်း (သို့မဟုတ်) နေရာတော်တော်များများတွင် တွေ့ရတတ်သော သတိပေးချက်များနှင့် အတော်ပင်တူသည်။ အမှန်တကယ်ပင် ဤနည်းလမ်းများက ကျွန်ုပ်တို့ကို အိပ်မောကျနေရာမှ လက်တွေ့ဘဝတွင် နိုးထရန် နှိုးစက်နာရီများအဖြစ် ကူညီဆောင်ရွက်ပေးသည်။ သို့မဟုတ်လျှင် ကျွန်ုပ်တို့၏ရည်ရွယ်ချက်အစစ်အမှန်ကို မေ့လျော့သွားနိုင်ပေသည်။ သင်၏ ကောင်းရာကောင်းကျိုးကို စောင့်ကြပ်ပေးမည့်နေရာတွင် မည်သူ့ကို သင် ထားနိုင်မည်နည်း။ သေချာသည်မှာ သင်နှင့်ပတ်သက်၍ အဆိုးမြင်သဘောထားများရှိသောသူတစ်ယောက်ယောက်တော့ ဖြစ်လိမ့်မည်မဟုတ်ပေ။ ထိုသူမျိုးကိုထားမည့်အစား သင်၏ကောင်းကျိုးကိုသာလျှင် စောင့်ကြပ်ပေးမည့် မမြင်ရသောမိတ်ဆွေအချို့ကိုသာထားပါ။ သင်၏ အစီရင်ခံစာများ အမြဲတမ်း ပထမတန်းမှာရှိနေကြောင်း သေချာစေရန် သူနှင့်အတူ နေ့စဉ်စစ်ဆေးပါ။

❑

အခက်အခဲ

သင် ဘာကိုလိုချင်သလဲဆိုတာ မသိရင် အခွင့်အရေး
မရခဲ့ဘူးလို့ မပြောပါနဲ့။

နပိုလီယံဟေးလ်

နိုင်သူနှင့် ရှုံးသူ

ဘဝတွင် အခွင့်အရေးတစ်ကြိမ်တစ်ခါမှ မရခဲ့ဖူးသည့်အကြောင်းကို အသံအကျယ်ဆုံး ညည်းတွားနေကြသည့်လူများသည် သူတို့၏ ရှုံးနိမ့်မှုအတွက် ဆင်ခြေအမြဲရှိနေကြသောသူများ ဖြစ်ကြသည်။ ဘယ်တော့မှ သူတို့အမှားမရှိပေ။ သူတို့သည် သူတို့ဆက်ခံရသည့်အမွေ၊ သူတို့ ပတ်ဝန်းကျင်နှင့် ပညာအရည်အချင်း မပြည့်မီမှု၏ သားကောင်များဖြစ်ကြသည်။ သူတို့ကို ကောင်းကျိုးမပေးဟု သူတို့ယူဆထားသည့် အခြားအကြောင်းတရားများစွာတို့၏ ဆိုးမွေဖြစ်သည်ဟု သူတို့ကိုယ်သူတို့ ခံယူထားကြသည်။ သင် အသေအချာကြည့်မည်ဆိုလျှင် အလုပ်တစ်ခုကို တစိုက်မတ်မတ် မလုပ်သည့်အတွက်၊ အားထုတ်ကြိုးပမ်းခြင်းမပြုသည့်အတွက် သူတို့တွင် အကြောင်းပြချက် အမြဲရှိသည်ကို တွေ့ရလိမ့်မည်။ သို့သော် အောင်မြင်သောလူများကမူ ဆင်ခြေသမားများ မဟုတ်ကြပေ။ သူတို့သည် သူတို့၏ ပြုမူဆောင်ရွက်မှုများအတွက် တာဝန်ကိုယူသည်။ ရည်မှန်းချက်များကို ချမှတ်သည်။ သူတို့၏အောင်မြင်မှုအတွက် တာဝန်ကို လက်ခံပေးသည်။

အခြားသူများက စိတ်ပျက်ဖွယ်ရာကို မြင်သည့်နေရာတွင် သူတို့က မျှော်လင့်ချက်ကို မြင်သည်။ အကောင်းမြင် စိတ်သဘောထားရှိသောသူတို့အတွက် မဖြစ်နိုင်သောအရာသည်မရှိဟူသောအသိနှင့် ကိစ္စတိုင်းကို ယုံကြည်ချက်ရှိရှိ စိတ်အားထက်သန်မှုနှင့် သူတို့ ချဉ်းကပ်သည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

အကောင်းမြင်စိတ်သဘောထားနှင့်အတူ ရှေ့သို့လှမ်းပါ။ အကြောင်းကိစ္စများက သင့်အလိုကို ဆန့်ကျင်ဖြစ်ပေါ်နေသည်ဟု ဘယ်တော့မှ ထုတ်ဖော်မပြောပါနှင့်။ လူတို့၏ အဆိုးမြင်ဝေဖန်ပြောဆိုမှုများကို သက်တမ်းကုန်နေသော ဆေးဝါးများကို သင် ဖယ်ရှားရှင်းလင်းသကဲ့သို့ သင့်စိတ်မှ ဖယ်ရှားရှင်းလင်းပစ်ပါ။ တစ်ချက်ချင်းစီကို စိတ်ထဲမှ ကြက်ခြေခတ်ပစ်ပြီးရင်းက သင့်ကို ဒုက္ခရောက်အောင်၊ နှောင့်နှေးကြန့်ကြာအောင် မလုပ်နိုင်ကြောင်းကို သေချာပေါက် သိပေးပါ။ သင့်အကြောင်းကို သင့်ကိုယ်သင် ထက် မည်သူမှ ပိုသိနိုင်မည်မဟုတ်ပေ။ သင်သည်သာလျှင် သင့်ဘဝ၏ ရလဒ်အတွက် ဟောကိန်းထုတ်သူဖြစ်သည်။ သို့ဖြစ်ရာ အောင်မြင်မှုအတွက် သင့်ကိုယ်သင် အပြုသဘောဆောင်သော ထောက်ခံချက်များ ရေးသားခြင်းဖြင့် ယနေ့စတင်လိုက်ပါ။ နပိုလီယံဟေးလ်က စိတ်အားဖြည့်ခြင်းကို ယုံကြည်ခဲ့ပါသည်။ သင့်ကိုယ်သင်အတွက် စိတ်အားဖြည့် ဗီတာမင်ဆေးညွှန်းများ နေ့စဉ်ရေးသားပါ။ တစ်နေ့ထက်တစ်နေ့ ကျန်းမာပျော်ရွှင်သောလူတစ်ယောက်ဖြစ်လာလိုက်ပါ။

❑

အခက်အခဲ

သေလွန်ပြီးနောက် သင်၏နာမည်ကို ဆက်လက်တည်တံ့နေစေမည့်အရာမှာ သင်၏အုတ်ဂူပေါ်မှ သရဲကြီး စာမဟုတ်ဘဲ သင်၏လုပ်ဆောင်ချက်မှတ်တမ်းမှတ်ရာ ပင်ဖြစ်သည်။

နပိုလီယံဟေးလ်

ကျွန်ုပ်၏ နာရေးကြော်ငြာ

လူအတော်များများ မရနိုင်သည့် အခွင့်အရေးတစ်ခုကို အဲလ်ဖရက် နိုဘယ်က ရရှိခဲ့ဖူးသည်။ သူ၏အစ်ကို သေဆုံးသည့်အခါ သတင်းစာတိုက်က နာရေးကြော်ငြာတွင် သူ့အစ်ကိုအစား သူ့အတွက် နာရေးကြော်ငြာကို မှားယွင်းထည့်လိုက်သည်။ အဲလ်ဖရက်သည် သူ၏နာရေးကြော်ငြာကို ဖတ်နေစဉ် ဖောက်ခွဲဖျက်ဆီးရေးကိရိယာတစ်ခုဖြစ်သော ဒိုင်းနမိုက်ကို တီထွင်မှုအတွက် ကမ္ဘာလောကကြီးက သူ့ကို အမှတ်ရနေလိမ့်မည်ဆိုသည်ကို သိမြင်သွားသည်။ ဤအတွေ့အကြုံက သူ့ကို နိုဘယ်ဆုအတွက် ရန်ပုံငွေ တည်ထောင်ဖြစ်သွားစေသည်။ ယနေ့အချိန်တွင် ကမ္ဘာပေါ်ရှိ လူအများစုသည် သူ၏ အမည်ကို လူသားတို့၏ အကြီးမားဆုံးစွမ်းဆောင်အောင်မြင်မှုများနှင့်အတူ ယှဉ်တွဲသိရှိနေကြပြီဖြစ်သည်။

ကောင်းသောလုပ်ဆောင်ချက်များသည် အခြားသူတို့၏စိတ်တွင် စွဲ

ထင်ကျန်ခဲ့သည်။ သင်သည် တစ်စုံတစ်ယောက်အတွက် ကျေးဇူးပြုပေးသည့်အခါ သင် မရှိတော့သည့်တိုင်အောင် တင်ကျန်နေမည့် ကောင်းမှုအားတစ်ခုကို စတင်လှုပ်နှိုးလိုက်ခြင်းပင်ဖြစ်သည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

သင့်အိပ်မက်ကို ထောက်ပံ့ပေးရန် သင့်၌ အကန့်အသတ်မဲ့သော အရင်းအမြစ်များရှိနေလျှင် ကမ္ဘာကြီးအတွက် သင် ဘာလုပ်ပေးမည်ဆိုသည်ကို သင့်ကိုယ်သင် မေးကြည့်ပါ။ စာရွက်ပေါ်၌ သင့်အစီအစဉ်ကို ချရေးပါ။ တိတိကျကျနှင့် အသေးစိတ်ချရေးပါ။ ပြီးလျှင် အသံကျယ်ကျယ်ထွက်ဖတ်ကြည့်ပါ။ ပြင်စရာရှိသည်ကို ပြင်ပါ။ စိတ်ဝင်တစား နားထောင်ပေးမည့်သူ တစ်ယောက်ယောက်ထံတွင် ဖတ်ပြပါ။ ယခု သင့်အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သင့်မှာ ငွေတစ်ကျပ်မှမရှိလျှင်ပင် လောကကြီးကို ရေးပြ၊ ဖတ်ပြခြင်းဖြင့် သင် စတင်အသိပေးလိုက်ပြီဖြစ်သည်။ ဤအစီအစဉ်ကို အစပြုဆောင်ရွက်ရန် ယခု မည်သည့်အကြိုလုပ်ငန်းစဉ်များ သင် လုပ်ဆောင်နိုင်မည်နည်းဆိုသည်ကို အလေးအနက်ထားပြီး သင့်ကိုယ်သင် မေးကြည့်ပါ။ နည်းနည်းချင်းဖြစ်လျှင်ပင် အစီအစဉ်ကို ရှေ့ဆက်ဆောင်ရွက်နိုင်ရန် အထောက်အပံ့မပါဘဲနှင့် သင် လုပ်ဆောင်နိုင်မည့်အရာ ၁၀ မျိုးကို စာရင်းပြုကြည့်ပါ။ ပြီးလျှင် ၎င်းတို့ကို လုပ်ဆောင်ပါ။

❑

အခက်အခဲ

အောင်မြင်သောလူများစွာတို့သည် ပို၍ နှစ်သက်မွေ့လျော်ဖွယ်ကောင်းသော အခြေအနေတို့တွင် ၎င်းတို့အမှုမဲ့အမှတ်မဲ့ဖြစ်နေသည့် အခွင့်အလမ်းများကို ရှုံးနိမ့်ခြင်းနှင့် အခက်အခဲများ၌ ရှာဖွေတွေ့ရှိကြသည်။

နပိုလီယံဟေးလ်

အကျပ်အတည်းမှ အောင်မြင်မှုဆီသို့

ဖိစီးမှုခံရခြင်း၏အလားအလာက စိတ်အာရုံကို အံ့ဩဖွယ်ကောင်းအောင် စူးစိုက်အာရုံပြုစေနိုင်သည်ဟု ဆမ်မြူရယ်ဂျန်ဆင်က လေ့လာတွေ့ရှိခဲ့သည်။ သင်ကိုယ်တိုင်လည်း အကြီးမားဆုံး အခက်အခဲများနှင့် ရင်ဆိုင်တွေ့ရသည့်အခါ သင်၏စိတ်က အထက်မြက်ဆုံးဖြစ်နေကြောင်းကို တွေ့ရှိရလိမ့်မည်။ အကျပ်အတည်းက သင့်ကိုယ်သင် ထင်ထားသည်ထက်ကောင်းကောင်းပိုလုပ်နိုင်ကြောင်းကို သက်သေပြပေးသည်။ သင်၏ဘဝ၊ (သို့မဟုတ်) သင့်ကျန်းမာရေးအား ရုတ်တရက် ဘေးအန္တရာယ်ဖြစ်စေခြင်းမျိုးကို ရှောင်းချက်ထားသည်ကလွဲ၍ စဉ်ဆက်မပြတ် ဆောင်ရွက်မှုကို လိုအပ်သော အခြေအနေအချို့ရှိသည်။ လောကကြီးက သင်နှင့် ဆန့်ကျင်ကွဲလွဲနေပြီး မည်သည့်အရာမှ အဆင်ပြေပြေမရှိသည့်အခါ အခြေအနေကို ပြန်လှန်သုံးသပ်ရန် ခဏလောက်ရပ်နားလိုက်ပါ။ ထို့နောက်တွင် အောင်မြင်

ရန် ဖြစ်နိုင်ခြေအရှိဆုံးနှင့် အသင့်တော်ဆုံး လှုပ်ရှားရန်အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပါ။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

ဘဝက သင့်ကို ကိုယ့်ကြိုးကွင်းကိုယ်စွပ်သကဲ့သို့ အခြေအနေမျိုးကြုံလာစေလျှင် သင်သည် မောင်းနေသည့်သင်္ဘောကို စွန့်ခွာလျှင်ခွာ၊ သို့မဟုတ်ပါက သင်လည်း အတူနစ်မြုပ်ရမည်ဖြစ်သည်။ အခါများစွာတို့၌ ဤအခြေအနေက ရွေးချယ်စရာကောင်းကောင်းမရှိသကဲ့သို့ ထင်ရသည်။ သို့သော် သင် တခြားလုပ်နိုင်မည့်အရာကို ဉာဏ်ရှိရှိ စဉ်းစားကြည့်လျှင် စိတ်ကူးများ သင့်ဦးခေါင်းအတွင်း ပြည့်လာပါလိမ့်မည်။ အလုပ်ဖြစ်သောနည်းလမ်းတစ်ခုမှာ သင် အကျပ်အတည်းကိုဖြေရှင်းရန် တုံ့ပြန်သည့်အနေဖြင့် "ဒါပြီးရင် ဘာလဲ" ဟူသောမေးခွန်းကို သင့်ကိုယ်သင် အဆက်မပြတ်မေးနေခြင်းဖြစ်သည်။ ဤနှီးဆော်မှုက သင် လုပ်ဆောင်ရမည့် နောက်တစ်ဆင့်အတွက် အနည်းဆုံး ရွေးချယ်စရာတစ်ခုခုကိုပေးသည့် တုံ့ပြန်မှုများကို ဖြစ်ပေါ်စေသည်။ ခက်ခဲချိန်များ၌ သင့်မှာ ရွေးချယ်စရာများရှိကြောင်း သိနေခြင်းက ဒီလိုင်းကြမ်းများကို တွန်းလှန်ရန် လုံလောက်သောအား ဖြစ်နိုင်သည်။ "သင်္ဘောကို လက်မလွှတ်ပါနဲ့" ဆိုသည်မှာ အမေရိကန်ရေတပ်၏ ဆောင်ပုဒ်ဖြစ်သည်။ ကောင်းမွန်သောအမိန့်လည်းဖြစ်သည်။ သင့်အတွက် အဓိပ္ပာယ်ပြည့်ဝသောအရာတစ်ခုခုကို ဘယ်တော့မှ လျစ်လျူမရှုပါနှင့်။ လျစ်လျူရှုခဲ့မည်ဆိုပါက သင့်ဘဝ၏ ရတနာများသည် သင်္ဘောနှင့်အတူ နစ်မြုပ်သွားပေလိမ့်မည်။

❑

အခက်အခဲ

အယ်ဒီဆင်သည် အလင်းရောင်ထွက်သော လျှပ်စစ်မီးသီးကို ပြီးပြည့်စုံအောင် မတီထွင်နိုင်မီ အကြိမ်ပေါင်း ၁၀,၀၀၀ ရှုံးနိမ့်ခဲ့သည်။ သင် တစ်ကြိမ်ရှုံးနိမ့်သည်ကို မစိုးရိမ်ပါနှင့်။

နပိုလီယံဟေးလ်

အတားအဆီးများမှ လှမ်းတက်ရန် လှေကားထစ်များအဖြစ်သို့

အမေရိကန်၏ အကြီးကျယ်ဆုံး တီထွင်သူ သောမတ်စ်အယ်ဒီဆင်၌ တီထွင်သူတစ်ယောက်အဖြစ် သူ၏အရည်အသွေးကို အထူးမြှင့်တင်ပေးခဲ့သည့် ဘဝနှင့်ပတ်သက်သော တစ်မူထူးခြားသည့် အကောင်းမြင်သဘောထားရှိသည်။ လျှပ်စစ်မီးကို တီထွင်ရန်ကြိုးပမ်းမှုတွင် အကြိမ်ပေါင်း ထောင်ချီ၍ ကျရှုံးပြီးသည့်နောက် အခြားသူများဆိုလျှင် မျှော်လင့်ချက်ကင်းမဲ့စွာ စိတ်ပျက်အားလျော့ကောင်း အားလျော့မည်ဖြစ်သော်လည်း အယ်ဒီဆင်ကမူ မအောင်မြင်ခဲ့သော စမ်းသပ်ချက်တစ်ခုစီကို အလုပ်မဖြစ်သော ဖြေရှင်းနည်းတစ်ခုစီအား ဖယ်ထုတ်ပစ်ခြင်းအဖြစ်သာ ရှုမြင်ခဲ့သည်။ ဤနည်းနှင့်ပင် အောင်မြင်သော ဖြေရှင်းနည်းဆီသို့ သူ ပို၍နီးကပ်လာခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်တို့အားလုံး အယ်ဒီဆင်ထံမှ သင်ခန်းစာကို ယူနိုင်ပါသည်။ ကြိုးပမ်းမှုကို လွယ်လွယ်နှင့် လက်လျှော့သွားကြသော် တီထွင်သူများ

အကြောင်းနှင့် အခြားသူတစ်ယောက် မတူးတော့ဘဲ ပစ်ထားခဲ့သည့် ရွှေတွင်းမှ တစ်ပေနှစ်ပေခန့် ဆက်တူးလိုက်ရုံဖြင့် ရွှေကို ရှာတွေ့သော ရွှေတူးသမားများအကြောင်း ဇာတ်လမ်းများမှာ ပေါလှုံလှသည်။ ဘဝတွင် ခိုင်မြဲတည်တံ့၍ ဆက်စပ်ဆင်ခြင်နိုင်စွမ်းသော၊ အပြုသဘောဆောင်သော လုပ်ဆောင်ချက်ကို လွန်ဆန်နိုင်မည့် အဆီးအတားဟူ၍ မရှိပါချေ။ တစ်စုံတစ်ခုတွင် သင် ကျရှုံး၍ စိတ်ပျက်အားလျော့နေသည့်အခါ ကမ္ဘာကို ထာဝရပြောင်းလဲသွားစေသည့်အဖြေကို ရှာမတွေ့မီ အကြိမ်တစ်သောင်းကျရှုံးခဲ့ရသော အယ်ဒီဆင်၏အဖြစ်ကို အမှတ်ရလိုက်ပါ။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

ရှုံးနိမ့်မှုများကို အလားအလာရှိသော အနာဂတ်အောင်မြင်မှုများအဖြစ် ရှုမြင်ပါ။ သင်သည် အောင်နိုင်သူ ဖြစ်ကိုဖြစ်နိုင်ပါသည်။ ရုန်းကန်ခြင်းမှ ဘဝအကြောင်း သင်ခန်းစာကိုရသည်ဟူသောအဆိုကို ရည်ညွှန်းသည့် အကြွင်းမဲ့သိသောဉာဏ်ဖြင့် ကျရှုံးမှုများကို မဟာစီမံချက်ကြီးတစ်ခုအတွင်း၌ ထည့်သွင်းထားခြင်းမဟုတ်ကြောင်းကို ကျွန်ုပ်တို့ မည်သို့သေချာနိုင်မည်နည်း။ လူသားများအနေဖြင့် ကြုံရ ဆုံရသမျှ အခက်အခဲများက ကျွန်ုပ်တို့ စိတ်ကို လှုပ်ရှားစေပါသည်။ ပြင်းပြသော စိတ်ခံစားချက်ဖြင့် ကျွန်ုပ်တို့၏ အဓိကရည်ရွယ်ရာကို တိုက်ခိုက်သည့်အခါ ကျွန်ုပ်တို့သည် ပြုမူဆောင်ရွက်ရန်အတွက် မိမိကိုယ်ကိုယ် လှုံ့ဆော်မှုပေးသည့် ပင်ကိုအစွမ်းကြောင့် ရည်မှန်းချက်ပန်းတိုင်သို့ ပို၍မြန်မြန်ရောက်နိုင်သည်။ တစ်စုံတစ်ခုကို အချိန်မကြာဘဲ မြန်မြန်ပြီးမြောက်ချင်ပါသလား။ သင့်ရည်မှန်းချက်နှင့်ပတ်သက်၍ သင့်စိတ်ကို လှုပ်ရှားစေမည့်အကြောင်းရှာပါ။ သင်ရမည့်ရလဒ်သည် သင်၏ အဆုံးစွန်အောင်မြင်မှုအတွက် သင့်ဦးနှောက်နှင့် နှလုံးသားကို မည်မျှအထိ အတူပေါင်းစည်းထားသနည်းဟူသည့် လုပ်ဆောင်ချက်ပင် ဖြစ်ပါလိမ့်မည်။

❑

အခက်အခဲ

အောင်မြင်မှုတွင် ဖြေရှင်းချက်မလိုအပ်ပေ။ ရှုံးနိမ့်မှုများ
တွင်သာ ဆင်ခြေတက်ကြခြင်းဖြစ်သည်။

နပိုလီယံဟေးလ်

နာမည်ကောင်းလား။ နာမည်ဆိုးလား

မည်သည့်အလုပ်မျိုးတွင်မဆို၊ မည်သည့်အဖွဲ့အစည်းတွင်မဆို အသိအမှတ်ပြုခြင်းကိုရရှိရန် အသေချာဆုံးနည်းလမ်းမှာ အောင်မြင်ခြင်းပင်ဖြစ်သည်။ သို့ဖြစ်စေကာမူ ဘဝကတော့ ဤနည်းအတိုင်း အဆင်မချောနိုင်ပေ။ ဘာသာရပ်တစ်ခုကို သင် မည်မျှ ဂရုတစိုက်လေ့လာသည်ဖြစ်စေ၊ ဆုံးဖြတ်ချက်များကို သင် မည်မျှ ဓမ္မဓိဋ္ဌာန်ကျကျ ချသည်ဖြစ်စေ၊ သင် မည်မျှ ကောင်းကောင်း ပြင်ဆင်ထားသည်ဖြစ်စေ၊ တစ်ချိန်မဟုတ်တစ်ချိန်တွင် သင် အမှားကျူးလွန်မိမည်ဖြစ်သည်။ လူမှန်လျှင် အမှားမကင်းပေ။ အရေးကြီးသည်မှာ ယာယီအနှောင့်အယှက်များသည် အစဉ်ကျရှုံးမှုများမဟုတ်ကြောင်းကို နားလည်ရန်ဖြစ်သည်။ ကျွန်ုပ်တို့၏စွမ်းဆောင်မှုကို ပြန်လည်ချင့်တွက်သုံးသပ်ရန်နှင့် အောင်မြင်မှုရှိရန်အတွက် အမှန်ပြင်ဆောင်ရွက်ရန် ကျွန်ုပ်တို့အားလုံး ယာယီအားဖြင့် အနှောင့်အယှက် အတားအဆီးများနှင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း အောင်မြင်သောသူများက သိထားကြသည်။ အခက်အခဲဟူသည် ကြာရှည်မတည်ရှိနိုင်ကြောင်းကို သူတို့ သဘောပေါက်ကြသည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

အသက်ဝဝရှုပြီး ခုံမှာထိုင်ပါ။ ဘောလ်ပင်ကိုယူပါ။ သင်၏ရှေ့ရှိ ဗလာစာအုပ်တွင် သင့်ဘဝ၌ ရှုံးနိမ့်ခဲ့ပြီး သင့်အတွက် စိတ်ခံစားချက်ပိုင်းဆိုင်ရာအရ တစ်စုံတစ်ရာအဓိပ္ပာယ်ရှိသော အကြောင်းအရာ ၁၀ မျိုးကို ချရေးပါ။ ဤအရှုံးများကို မျက်နှာချင်းဆိုင်ကြည့်၍ မည်သည့်အကြောင်းအရာက နောက်ဆုံးတွင် ရှုံးနိမ့်မှုကို ဖြစ်စေသနည်းဆိုသည်ကို အကြောင်းတစ်ခုစီအတွက် သင့်ကိုယ်သင် ပြန်မေးကြည့်ပါ။ ကျွန်ုပ်တို့သည် ဉာဏ်ပညာနှင့် အသက်အရွယ်အရ ရင့်ကျက်မှုရှိလာသည့်အခါ နောက်ဆုံးတွင် ကျွန်ုပ်တို့၏ ရှုံးနိမ့်မှုများအတွက် အခြားသူများတွင်မဟုတ်ဘဲ ကျွန်ုပ်တို့မှာသာ တာဝန်ရှိကြောင်း နားလည်လာပါသည်။ ဤဉာဏ်ပညာမျိုးစေ့ကို သင် စာရင်းပြုထားသော ရှုံးနိမ့်မှုများတစ်ခုစီ၌ ရှာကြည့်ပါ။ သင့်ဘဝလမ်းကြောင်းတစ်လျှောက် ရှေ့ဆက်သွားနိုင်စေရန် အကူအညီဖြစ်စေမည့် အစတစ်စကို ဆွဲထုတ်နိုင်မည့် အခွင့်အရေးရှာကြည့်ပါ။ ၎င်းက သင်မဟုတ်ဘဲ အခြားလူတစ်ဦးဦးထံ၌ အဆုံးသတ်သွားမည်ဆိုပါက မည်သည့်အကြောင်းကြောင့် သင့်ဘဝကို ထိုလူအား ထိန်းချုပ်ခွင့်ပေးရမည်နည်းဆိုသည်ကို သင့်ကိုယ်သင် မေးကြည့်ပါ။ နောက်ဆုံးတွင် သင်ကိုယ်တိုင် စွန့်လွှတ်ထားသော ထိန်းချုပ်မှုကိုပြန်ယူပြီး သင့်အတွက် အမှန်တကယ်လိုအပ်သည့် တစ်ဦးတည်းသော အရှင်သခင်က သင်ကိုယ်တိုင်ဖြစ်လာအောင် ပြန်လုပ်ပါ။

❑

အခက်အခဲ

အသစ်စတင်ရန် အခွင့်အရေးတစ်ခု အမြဲကျန်ရှိနေ တတ်သည်။

နပိုလီယံဟေးလ်

အရေးအကြီးဆုံးအရာ

သင်၏ဘဝတွင် ပြင်းပြင်းထန်ထန်ထိုးနှက်မှုကို ပထမဦးဆုံးကြုံရသည့်အခါ ထိုကဲ့သို့ မထင်ရသော်လည်း သင့်ထံမှ ကုံးရှုံးမသွားနိုင်သော သင် ပိုင်ဆိုင်သည့် အရေးအကြီးဆုံးအရာနှစ်ခုရှိသည်။ သင့်စိတ်၏ စွမ်းပကားနှင့် ၎င်းတို့ကို သင်၏အသုံးချပိုင်ခွင့်ပင်ဖြစ်သည်။ ၎င်းတို့မှတစ်ဆင့် သင့်ကို ပြိုလဲအောင်လုပ်သည့်အရာကို သင် နားလည်သိရှိသည့်အခါတွင် အစီအစဉ်အသစ်များကို သင် စတင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ သင့်မှာ ပိုင်ဆိုင်ခဲ့ဖူးသည့် ငွေကြေး ယခု သင့်မှာ ရှိချင်မှရှိမည်။ သင် တည်ဆောက်ထားသည့် မိတ်ဆွေအသိုင်းအဝိုင်း သင့်မှာ ရှိချင်မှရှိမည်။ သို့သော် သင့်၌ ရိုးသားသော အားထုတ်မှုကို နောက်ဆုံးတစ်နေ့တွင် ချီးမြှင့်ပေးသည့် လောကၿ၏အကျိုးတရားနှင့် နောက်တစ်ကြိမ် သင်ထပ်မကျူးလွန်တော့မည့် အမှားများအတွက် အတွေ့အကြုံတွေ ရရှိနိုင်ပါသေးသည်။

သင် ယခု မည်သည့်နေရာမှာရှိပါစေ၊ မည်သည့်အရာကို ယုံကြည်ကြဲဆသည်ဖြစ်ပါစေ သင် အောင်မြင်နိုင်သည်ဆိုသည်ကို သတိရပါ။ သင့်

မှာရှိသည့် အရေးအကြီးဆုံးအရာကို အကာအကွယ်ပေးပါ။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

ကံကြမ္မာ၏ထိုးနှက်မှုနှင့် သင် ကြုံတွေ့ရသည့်အခါ ၎င်းက သင့်ကို အလျင်အမြန်လဲကျစေသည်။ ထို့နောက်တွင် သင်ပြန်ထ၍ တစ်ဖန်စတင်ရမည့်အချိန်မှာ မနက်ဖြန်မဟုတ်ဘဲ ယခုချက်ချင်းဖြစ်ပါသည်။ အရာအားလုံး ပျောက်ကွယ်ကောင်း ပျောက်ကွယ်သွားပါလိမ့်မည်။ သို့သော် သင် စဉ်းစားတွေးခေါ်နိုင်သေးလျှင် နာလန်ထူလာရုံမျှမက သင်၏ဆုံးရှုံးမှုများကို ပြန်လည်ဖာထေးနိုင်စေမည့်အစွမ်းက သင့်မှာရှိပါသည်။ ဘဝက သင်ကြားပေးသော သင်ခန်းစာများမှဖြစ်စေ၊ ကျောင်းစာသင်ခန်းအတွင်းမှဖြစ်စေ ရရှိသော ပညာသည်သာ ကျွန်ုပ်တို့ထံမှ ဆောင်ကြဉ်းမသွားနိုင်သော အရာဖြစ်သည်။ စဉ်းစားကြည့်ပါ။ သင်သည် အိမ်ထောင်ပြုသည်။ ထို့နောက် ကွာရှင်းလိုက်သည်။ သင် ပိုင်ဆိုင်ထားသည့်ဘွဲ့ (ဥပမာ– B.A (သို့) Ph.D) တို့ကို အလယ်မှခွဲလိုက်၍မရပါ။ ယောကျ်ားက A ကိုယူပြီး မိန်းမက B ကိုယူ၍မရပါ။ ထိုပညာကို ရယူထားသူသာ ဆက်လက်ထိန်းသိမ်းရပေမည်။ ဤသည်ကို သိပြီးဆိုလျှင် ယခုအချိန်က သင့်ကိုယ်သင်အတွက် အသိပညာအချို့ကို ရှာမှီးအလုပ်များရမည့်အချိန် မဟုတ်ပါလား။ မိမိထံမှာ မိမိရင်းနှီးမြှုပ်နှံပါ။ သင်သည် သေချာပေါက်ထိုက်တန်သောသူ ဖြစ်ပါသည်။

❑

အခက်အခဲ

တစ်စုံတစ်ယောက်က နောက်တစ်မိနစ်ခန့် တောင့်ခံ ထားလျှင် (သို့မဟုတ်) အားထုတ်မှုပိုပြုလိုက်လျှင် ရှုံးနိမ့်မှုအများစုကို အောင်မြင်မှုများအဖြစ်သို့ ပြောင်းလဲပစ်လိုက်နိုင်သည်။

နပိုလီယံဟေးလ်

သဘော်ကို လက်မလွှတ်ပါနှင့်

သင့်ထံ၌ အောင်မြင်မှုအတွက် အလားအလာရှိလျှင် အခက်အခဲနှင့် ယာယီရှုံးနိမ့်မှုများက မြင့်မားသော အောင်မြင်မှုများဆီသို့ ရောက်ရှိအောင် သာ ကူညီပြင်ဆင်ပေးပါသည်။ အခက်အခဲမရှိဘဲနှင့် တည်မြဲသော အောင်မြင်မှုအတွက် အလွန်အရေးပါသော ယုံကြည်စိတ်ချနိုင်မှု၊ သစ္စာစောင့်သိမှု၊ ရိုကျိုးနှိမ့်ချမှု၊ လုံ့လဝီရိယရှိမှု အရည်အချင်းများ ဖွံ့ဖြိုးလာအောင် သင် လုပ်ဆောင်နိုင်မည်မဟုတ်ပေ။ လူများစွာတို့သည် ရှုံးနိမ့်မှုခံတွင်းဝမှ လွတ်မြောက်ပြီး ကြီးမားသောအောင်မြင်မှုများကို ရရှိကြသည်မှာ သူတို့သည် ကိုယ့်ကိုယ်ကိုယ် ရှုံးနိမ့်ခွင့်မပေးသောကြောင့်ဖြစ်သည်။ သင် လွတ်မြောက်ရာ လမ်းကြောင်းများအားလုံး ပိတ်ဆို့နေသောအခါ အောင်မြင်မှုလမ်းကြောင်းအား သင် မည်မျှမြန်မြန်ရှာဖွေတွေ့ရှိနိုင်သည်ဆိုသည်ကို အံ့အားသင့်မိပါလိမ့်မည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

သင် ဟင်းချက်ဖူးပါသလား။ သင် စမ်းကြည့်သော ဟင်းချက်နည်းအသစ်က သင် မျှော်မှန်းထားသည့် အရသာမျိုးမဟုတ်သည်နှင့် ကြုံဖူးပါသလား။ ဟင်းပွဲများပြင်ထားသည့် စားပွဲပေါ် ခွေးတွေ၊ ကြောင်တွေ တက်လာပါသလား။ နောက်ဖြစ်မည့်ကိစ္စက ပိုအရေးကြီးသည်။ စားပွဲပေါ်မှာ ထမင်းဝိုင်းအသင့်ဖြစ်သွားပါသလား (သို့မဟုတ်) ချက်ပြုတ်ခြင်းအလုပ်ကို သင် လက်လျှော့လိုက်ပါသလား။ အိုးခွက်များကိုတော့ သင် လွှင့်ပစ်လိမ့်မည်မဟုတ်ဟု ကျွန်ုပ်တို့ ရဲရဲယူဆနိုင်မည်ထင်ပါသည်။ မည်သို့ပင်ဖြစ်စေ ဟင်းချက်နည်းစာအုပ်အသစ်တစ်အုပ်ကို သင် ရှာတွေ့နိုင်ပါသည်။ သင်သည် အခက်အခဲတစ်ခုကို ဆန့်ကျင်ဘက်အနေဖြင့် အောင်မြင်မှုအတွက် နည်းနာအဖြစ် မြင်ကြည့်လိုက်လျှင် ကျရှုံးမှုများက အောင်မြင်မှုများအဖြစ် ပြောင်းလဲသွားပုံကို ကျွန်ုပ်တို့ နားလည်လာပါလိမ့်မည်။ ပါဝင်သည့်အမယ်များ မလတ်ခြင်း၊ အိုးဖင်က အပူရှိန်များလွန်းခြင်း၊ ဟင်းခတ်ထည့်မည့် အတိုင်းအဆမှားခြင်း စသဖြင့် ပြဿနာက မည်သို့ပင်ဖြစ်စေ နောက်တစ်ကြိမ်အခွင့်အရေးတွင် အမှန်ကိုပြင်၍ အကောင်းဆုံးလက်ရာကို ကျွန်ုပ်တို့ ပေးစွမ်းနိုင်ပါလိမ့်မည်။ ယနေ့ သင့်လက်ကို အသစ်တစ်ခုခုတွင် အဘယ့်ကြောင့် စမ်းမကြည့်နိုင်ရမည်နည်း။ ဆိုရိုးတစ်ခုရှိပါသည်။ "အစမှာ သင် မအောင်မြင်လျှင် ထပ်ကာထပ်ကာ ကြိုးစားကြည့်ပါ"

❑

အခက်အခဲ

အောင်မြင်မှုက အောင်မြင်မှုကို ဆွဲဆောင်၍ ရှုံးနိမ့်မှုက ရှုံးနိမ့်မှုကို ဆွဲဆောင်သည်။ ယင်းမှာ လိုက်ဖက်ညီဆွဲဆောင်မှု ဥပဒေသကြောင့်ဖြစ်သည်။

နပိုလီယံဟေးလ်

တူရာ တူရာ ဆွဲဆောင်သည်

ရူပဗေဒပညာရပ်တွင် အဖိုဓာတ်က အမဓာတ်ကို ဆွဲဆောင်ပြီး အမဓာတ်ကလည်း အဖိုဓာတ်ကို ဆွဲဆောင်သည်။ လူအချင်းချင်း ဆက်ဆံရေးတွင်မူ ၎င်းနှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ အဆိုးမြင်သမားများက အခြားအဆိုးမြင်သမားများကိုသာ ဆွဲဆောင်သည်။ အကောင်းမြင်သမားများကလည်း ၎င်းတို့နှင့် စိတ်ချင်းတူသောသူများကို ဆွဲဆောင်ကြသည်။ အောင်မြင်မှုကို သင် စတင်ရရှိသည့်အခါ နောက်ထပ်အောင်မြင်မှုများပါ ကပ်ပါလာသည်ကို သင် တွေ့ရလိမ့်မည်။ ဤသည်မှာ လိုက်ဖက်ညီ ဆွဲဆောင်မှုဥပဒေသပင်ဖြစ်သည်။ ကြွယ်ဝချမ်းသာမှုက သင့်ဆီရောက်လာသည့်အခါ ၎င်းတို့မည်မျှမြန်မြန်တိုးပွားစုပုံလာသနည်းဆိုသည်ကို သင် အံ့ဩမိလိမ့်မည်။ ချမ်းသာကြွယ်ဝခြင်းဖြစ်စေ၊ ရည်မှန်းချက်တစ်ခုဖြစ်စေ သင် အလိုအရှိဆုံးအရာတစ်ခုကို ရရှိအောင်မြင်နေသည့် သင့်ကိုယ်သင် ပုံဖော်မြင်ယောင်ကြည့်တတ်အောင် သင့်စိတ်ကို လေ့ကျင့်ပါ။ ထို့နောက် သင့်ရည်မှန်းချက်ကို သင် ရရှိအောင်မြင်နိုင်ကြောင်း သင်၏မသိစိတ်ကို ယုံကြည်လက်ခံလာစေရန် ကိုယ့်ကိုယ်ကိုယ် သိမ်းသွင်းပါ။ ပြီးလျှင် သင့်အစီအစဉ်ကို အကောင်အထည်ဖော်ပါ။ အောင်မြင်မှုအတွက် သင့်ကိုယ်သင် ပြင်ဆင်ရန် သင့်မှာရှိပြီးသား သင် ကြိုက်သလိုအသုံးပြုနိုင်သည့် အထောက်အကူများကို အသုံးပြု၍ သင်၏

ရည်မှန်းချက်ရှိရာသို့ ရောက်ရှိပြီးပြီဟု သင့်ကိုယ်သင် မြင်ယောင်ကြည့်လိုက်သောအခါ သင့်အတွက် သင် ချမှတ်သမျှ ဆီလျော်မှုရှိသည့် မည်သည့်ရည်မှန်းချက်မျိုးကိုမဆို သင် ရရှိနိုင်ပါသည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

သင်ယုံကြည်ရာ၊ ထောက်ခံရာ အဖွဲ့အစည်းများအကြောင်းကို ခဏစဉ်းစားကြည့်ပါ။ ဤအဖွဲ့အစည်းများသည် သင်၏ ဝါသနာ၊ စံနှုန်းတန်ဖိုး၊ ယုံကြည်မှုများနှင့် ပေါင်းစည်းမိနိုင်ခြေမှာ ၁၀၀%ရှိပါသည်။ ၎င်းတို့ထံသို့ သင့်ကို ဆွဲဆောင်ခြင်းမခံရလျှင် သင်သည် ၎င်းတို့ထံ၌ သင့်အချိန်ကို စူးစိုက်မြှုပ်နှံထားလေ့မရှိသောကြောင့်ဖြစ်သည်။ ဘဝတွင် ငယ်စဉ်ကြီးလိုက် အစီအစဉ်အတိုင်း ကျွန်ုပ်တို့၏အတွေးအခေါ်၊ စိတ်ကူးစိတ်သန်း၊ ဝါသနာ၊ စံနှုန်းတန်ဖိုးနှင့် ယုံကြည်မှုများက ကျွန်ုပ်တို့ မည်သည့်လူစားမျိုးဆိုသည်ကို ဖြည့်ပေါင်းပုံဖော်ပေးသည်။ မျက်စိဖြင့်မမြင်ရသော်လည်း ၎င်းတို့သည် အခြားသူများဖမ်းစေရန် ကျွန်ုပ်တို့ ပစ်လွှတ်ထားသော တုန်ခါလှိုင်းများ ဖြစ်ကြသည်။ ဤအလွန်စစ်မှန်သော၊ သို့သော် မမြင်နိုင်သော အတွေးတုန်ခါလှိုင်းများကြောင့် ကျွန်ုပ်တို့ကို အခြားသူများထံ ဆွဲဆောင်ခံရပြီး ကျွန်ုပ်တို့ကလည်း အခြားသူများကို ဆွဲဆောင်ကြသည်။ ဤတုန်ခါလှိုင်းများကို သင်ဖြာလွှတ်သောအခါ သင်သည် တောက်ပသောကြယ်တစ်လုံးလား (သို့မဟုတ်) ကြယ်သေတစ်လုံးသားဆိုသည်ကို သင့်ကိုယ်သင် မေးကြည့်ပါ။ မွေးပျို့သော နှင်းဆီတစ်ပွင့်လား (သို့မဟုတ်) ရွံ့ရှာဖွယ်ရာ ရေညှိပင်လားဆိုသည်ကို မေးကြည့်ပါ။ သင်၏ ပင်ကိုစရိုက်လက္ခဏာများကို ချရေးကြည့်ပါ။ ထို့နောက် ဤစရိုက်လက္ခဏာများကို သုညမှ တစ်ရာရာခိုင်နှုန်းအထိ ကာလအလိုက် ကွဲပြားသွားသော အစဉ်အတိုင်းစောင့်ကြည့်ရန် ဆုံးဖြတ်ပါ။ အစွန်းနှစ်ဖက်နှင့် သင် မည်မျှနီးကပ်ပါသနည်း။ တိုးတက်မှုကိုလိုအပ်သည်ဆိုလျှင် ဆုံးဖြတ်ချက်ချရန်မှာ သင့်တာဝန်ဖြစ်သည်။ တူရာတူရာကို ဆွဲဆောင်သည်ကို သတိပြုပါ။ သင် တွေးသည့်အတိုင်း သင် ဖြစ်လာပါလိမ့်မည်။ မည်သည်ကို သင် ဆွဲဆောင်သနည်းဆိုသည်က အရေးကြီးပါသည်။

❑

အခက်အခဲ

ရှုံးနိမ့်မှုသည် ကျွန်ပ်တို့ကို ကြီးမားသောတာဝန်များ ယူရန် ပြင်ဆင်ခြင်းအတွက် သဘာဝတရား၏ စီမံမှုနှင့် တူပါသည်။

နပိုလီယံဟေးလ်

အောင်မြင်မှုအတွက်ပြင်ဆင်ခြင်း

ဘဝတွင် ကျွန်ပ်တို့ ကြုံးပမ်းသမျှ အရာအားလုံးကို အားထုတ်မှု အနည်းငယ်မျှနှင့်ရရှိပြီး စီစဉ်ထားသည့်အတိုင်း အတိအကျဖြစ်လာသည် ဟုဆိုလျှင် ဘဝသည် မည်မျှ ပျင်းရိဖွယ်ရာ ကောင်းလိမ့်မည်နည်း။ ရှုံးနိမ့်မှုက အရေးပါသည့် အရည်အချင်းတစ်ရပ်ဖြစ်သော ရိုကျိုးနှိမ့်ချမှုကို ကျွန်ပ်တို့တွင် ဖြစ်ပေါ်စေသည်။ ရှုံးနိမ့်မှုက ဘဝ၏ အကြီးမားဆုံး သင်ယူမှုအတွေ့အကြုံတစ်ခုဆိုသည်ကိုလက်ခံရန် သင်ကိုယ်တိုင်က ယင်းအတွေ့အကြုံကိုခံစားနေရသူဖြစ်လျှင် မလွယ်ကူနိုင်ပါ။ သို့သော် ဤသည်မှာ အမှန်တရားဖြစ်သည်။ သဘာဝက စီမံဖန်တီးသောနည်းများကို အလွယ်တကူ နားလည်ရန် ခဲယဉ်းသည်။ သို့သော် ၎င်းတို့မှာ ထပ်တလဲလဲဖြစ်ပွားနေခြင်းဖြစ်ရာ တွက်ဆ၍ရနိုင်သည်။ သင့်ကို မမျှတဆုံး စစ်ဆေးစမ်းသပ်ခံနေရသည်ဟု ခံစားရသည့်အခါ သင်သည် ကြီးမားသော အောင်မြင်မှုအတွက် ပြင်ဆင်ခြင်းကို ခံနေရခြင်းဖြစ်ကြောင်း သေချာပေါက်သိလာနိုင်ပါသည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

"သင် မကျရှုံးနိုင်ဘူးဆိုတာကို သိရင် သင်ဘာလုပ်မှာလဲ" ဆိုသည့် မေးခွန်းမျိုး အမေးခံရဖူးပါသလား။ ဘဝတွင် ကျွန်ုပ်တို့ စိတ်ပါဝင်စားသည့် မည်သည့်နယ်ပယ်တွင်မဆို အောင်မြင်မှုကြယ်စင်များရရှိအောင် ဆွတ်ယူ မည်ဟုပင် ကျွန်ုပ်တို့ ဖြေကြားကြပါလိမ့်မည်။ နပိုလီယံဟေးလ်ကတော့ ဤသို့ဆိုသည်။ "ဆန္ဒတွေက မြင်းတွေဆိုရင် သူဖုန်းစားတွေ တက်စီးကြ လိမ့်မယ်" ဤသည်မှာ စိတ်အချဉ်ပေါက်နေသော အဆိုအမိန့်စကားမဟုတ် ပါ။ ကျွန်ုပ်တို့အားလုံး အလေးဂရုပြုသင့်သော အမှန်တရားသာ ဖြစ်ပါ သည်။ ဘာမဆို လွယ်လွယ်ရလျှင် လူတိုင်း ထိုအရာများကို ရယူကြ၍ ထိုအရာများတွင် ယခု ကျွန်ုပ်တို့အတွက် လုပ်ဆောင်ပေးနေသော အရေးပါ မှုလည်းရှိတော့မည်မဟုတ်ပေ။ ဘဝဆိုသည်မှာ ကျွမ်းကျင်ပိုင်နိုင်လာအောင် ပဲ့ပြင်ပေးရန် စိန်ခေါ်မှုများဖြင့် ပြည့်နေသောအရာဖြစ်သည်။ ကျွန်ုပ်တို့၏ အစောအဦးကြိုးပမ်းမှုတွင် အလွယ်တကူကြိုးကိုင်ရန် မစွမ်းသာသောအရာ များသည် အချိန်အနည်းငယ်ယူရသော်လည်း ပို၍ကြိုးစားရယူထိုက်ကြောင်း ကို ပြသပေးသည်။ ကျွန်ုပ်တို့ ကြုံကြုံခံနေသောအခါ အရှုံးကို လက်မခံလို သောကြောင့် ကျွန်ုပ်တို့ ရှုံးနိမ့်၍မဖြစ်ကြောင်း လောကကြီးကို ပြောပြနေ ခြင်းဖြစ်သည်။ နောက်တစ်ကြိမ်လောက် ကြိုးစားကြည့်ခြင်းက အောင်နိုင် ခြင်းနှင့် ရှုံးနိမ့်ခြင်းတို့ကြားက ခြားနားချက်ကို သင် ဖန်တီးနိုင်အောင် လုပ် ပေးသည်။

❑

ပူးပေါင်းဆောင်ရွက်ခြင်း

လူသားချင်းဆက်ဆံရေးခ္ခ သဟဇာတဖြစ်အောင် ဖန်တီးနိုင်သောသူအတွက် နေရာအမြဲရှိသည်။

ရင်းနှီးစွာ တိုင်ပင်ဆွေးနွေးခြင်းက စိမ်းစိမ်းကားကား ဝေဖန်ခြင်းထက် ဩဇာပိုသက်ရောက်သည်။

ကျွန်ုပ် နှစ်သက်ရာကို တွေးတောနိုင်သည်။ သို့သော် ထိုအတွေးကိုဖော်ပြရာခ္ခ ဂရုစိုက်ရမည်။

အခြားသူများနှင့် ရင်းနှီးချစ်ကြည်သော ပူးပေါင်းဆောင်ရွက်ခြင်းမရှိဘဲနှင့် ကျွန်ုပ် မအောင်မြင်နိုင်သလို အောင်မြင်မှုကို ဆက်ထိန်းထားနိုင်မည်လည်း မဟုတ်ပေ။

အခြားသူများမပါဘဲနှင့် မည်သူမျှ အမြဲ မအောင်မြင်နိုင်။

သင့်ကိုယ်သင်မြှင့်တင်ရန် သေချာသောနည်းလမ်းမှာ သူတစ်ပါးကို အရင်ကူညီခြင်းဖြစ်သည်။

လူများစုသည် အမိန့်ထက် တောင်းဆိုချက်တစ်ခုခုကို ပို၍ လိုလိုလားလားတုံ့ပြန်လိမ့်မည်။

အသင်းအဖွဲ့ကောင်းတစ်ခုတွင် တစ်ဦးချင်းအရည်အချင်း ထက် လိုက်ဖက်ညီ ညှိနှိုင်းဆောင်ရွက်အားထုတ်မှုက ပို၍ ပဓာန ကျသည်။

မိတ်ဆွေဆိုသည်မှာ သင် မှားနေသောအချိန်တွင် မှန်နေ သော အချိန်မှာကဲ့သို့ သင့်ထံသို့ အလျင်အမြန်ရောက်လာ၍ ကူညီ ကယ်တင်သော လူမျိုးကိုခေါ်သည်။ ထိုမိတ်ဆွေမျိုး သင့်မှာရှိလျှင် သင် ကံကောင်းသည်။

အခြေအနေများ ပြောင်းပြန်ဖြစ်သွားလျှင် သင် လုပ်ပေးလိမ့် မည်မဟုတ်သည့် အရာတစ်ခုခုကို သင့်အတွက်လုပ်ပေးရန် မည်သူ့ ကိုမှ မတောင်းဆိုပါနှင့်။

ဒေါက်တာဟောလ်၏အဆိုအမိန့်များ

❑

ပူးပေါင်းဆောင်ရွက်ခြင်း

ဘောလုံးအသင်းကောင်းတစ်သင်းသည် တစ်ဦးချင်း ကျွမ်းကျင်ပိုင်နိုင်မှုထက် အတွဲညီညီ ညှိနှိုင်းဆောင်ရွက်မှုအပေါ် ပို၍ အမှီပြုသည်။

နပိုလီယံဟေးလ်

မည်သို့အမှတ်ယူရမည်နည်း

ပူးပေါင်းဆောင်ရွက်မှုဆိုသည်မှာ 'တူညီသော ရည်မှန်းချက်တစ်ခု အောင်မြင်ရန် အသင်းအဖွဲ့တစ်ခုမှ အဖွဲ့ဝင်များ၏ ပူးပေါင်းအားထုတ်မှု' ဖြစ်သည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အဓိကကျသော စကားလုံးမှာ ပူးပေါင်းအားထုတ်မှုဖြစ်သည်။ အဖွဲ့တစ်ခုလုံး၏ အားပေးကူညီမှုမပါဘဲနှင့် မည်သည့် အသင်းအဖွဲ့မှ ကြာရှည်မတည်မြဲနိုင်ပေ။ ကစားပွဲတိုင်းတွင် အသင်း၏ မည်သည့်အဖွဲ့ဝင်ကမှ ထွန်းတောက်သော ကြယ်တစ်ပွင့်မဖြစ်နိုင်ကြောင်းကို ဘောလုံးကစားသမားများ လျင်မြန်စွာပင် နားလည်သိရှိထားကြသည်။ ဂုဏ်ယူဖွယ်ရာ အခိုက်အတန့်တိုင်းကို အဆက်မပြတ် သယ်ပို့ ဖြတ်ထိုးကစားကွက်များအပေါ် အခြေခံကာ ရရှိခြင်းဖြစ်သည်။

အောင်နိုင်သော အသင်းအဖွဲ့ဆိုသည်မှာ အဖွဲ့ဝင်တစ်ယောက် အောင်မြင်သည့်အခါ ကျန်တစ်ဖွဲ့လုံး အောင်မြင်ခြင်းဖြစ်ကြောင်း အဖွဲ့ဝင်များအားလုံးက လက်ခံထားကြသော အသင်းအဖွဲ့ဖြစ်သည်။ အပြန်အလှန်

အားဖြင့် သေချာပေါက်ရှုံးနိမ့်စေမည့်နည်းလမ်းမှာ အဖွဲ့ဝင်များကို ပြိုင်ဘက်နှင့်မဟုတ်ဘဲ အချင်းချင်းပြိုင်ဆိုင်လာစေမည့် ပတ်ဝန်းကျင်မျိုး ဖန်တီးပေးခြင်းဖြစ်သည်။ ဘောလုံးကို သယ်လာရသည်ဖြစ်စေ၊ အခြားတစ်ယောက်ယောက်အတွက် လမ်းရှင်းပေးရသည်ဖြစ်စေ မည်သည့်အခြေအနေမျိုးဌ မဆို အသင်းသားအားလုံး အကောင်းဆုံးလုပ်ဆောင်ကြသည့်အခါ အသင်းလိုက်အောင်နိုင်မှုကို ရရှိသလို တစ်ဦးချင်းအောင်မြင်မှုကိုလည်း ရရှိမည်မှာ အသေအချာပင်ဖြစ်သည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

အသင်းအဖွဲ့ဌ 'ငါ' မရှိဟူသောစကားကို သင်ကြားဖူးပါလိမ့်မည်။ ၎င်းက အသင်းအဖွဲ့အနေဖြင့် ဆောင်ရွက်အောင်မြင်လိုက်သော အရာတစ်ခုခုကို သင် လက်ခံနေချိန်ဌ သတိရသင့်သောအချက်တစ်ချက် ဖြစ်သည်။ ပါဝင်ကူညီသောသူတစ်ယောက်ကိုမှ သင် လျစ်လျူမရှုမိပါစေနှင့်။ သင် ထိုသို့လုပ်မိပါက နောက်တစ်ကြိမ် ဂုဏ်ပြုချီးမြှောက်ခြင်းကို မခံရမီ သင်တစ်ဦးတည်းသာ အရာအားလုံးကို ဆောင်ရွက်လုပ်ကိုင်နေရကြောင်း တွေ့ရပါလိမ့်မည်။

❑

ပူးပေါင်းဆောင်ရွက်ခြင်း

စက်ပစ္စည်းအစိတ်အပိုင်းများတွင် တစ်ခုနှင့်တစ်ခု တိုက်မိခိုက်မိခြင်းက ငွေကုန်ကြေးကျများစေသည်။ လူသားချင်းဆက်ဆံရေးတွင် တိုက်မိခိုက်မိပါက စိတ်ဓာတ်နှင့် ဘဏ္ဍာရင်းကိုပါ ဆုတ်ယုတ်ကုန်ခန်းစေသည်။

နပိုလီယံဟေးလ်

ဟင့်အင်း လုံးဝပဲ

မည်သည့်ဆက်သွယ်မှု၌မဆို ဝိရောဓိဖြစ်ခြင်းက ငွေရေးကြေးရေးတွင် သွယ်ဝိုက်သောရိုက်ခတ်မှုကို ဖြစ်စေနိုင်သည်။ လူသားများနှင့်ပတ်သက်လာလျှင်မူ ဆုံးရှုံးမှုတန်ဖိုး ပို၍ကြီးမားသည်။ အတိုက်အခံဖြစ်နေသော ဆက်ဆံရေးတစ်ခု၌ သင် ပါဝင်မိပါက အကောင်းကိုဆောင်သော အောင်မြင်မှုများဆီသို့ ဦးတည်ပေးနိုင်မည့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာစွမ်းအင်ကို ဖိစီးမှုများသော၊ ဖြစ်ထွန်းမှုမရှိသော လုပ်ငန်းဆောင်တာများ၌ မလိုအပ်ဘဲနှင့် အချည်းနှီးကုန်ဆုံးသွားစေသည်။ ဆိုးသည့်အချက်မှာ တစ်ဦးချင်း၊ တစ်ယောက်ချင်းကြား ပဋိပက္ခဖြစ်ရသည့်အကြောင်းက မည်သို့ဖြစ်စေ ၎င်းက ပါဝင်သူတစ်ယောက်စီတိုင်းကို ဆိုးဆိုးရွားရွားသက်ရောက်မှုဖြစ်စေသည်။

သင့်ကိုယ်သင် အငြင်းပွားဖွယ်ဆက်ဆံရေးတစ်ခုတွင် ကျရောက်နေ

ကြောင်း တွေ့ရသောအခါ လက်ခံနိုင်စရာရှိသော အခြားနည်းလမ်းအချို့ ရှိသည်။ သင့်ပြဿနာများကို ဖြေရှင်းကြည့်နိုင်သည် (သို့မဟုတ်) အဖွဲ့မှ သင် စွန့်ခွာသွားနိုင်သည်။ မည်သည်က သင့်အတွက် အကောင်းဆုံးဖြေရှင်းနည်းဖြစ်သည်ကို သင်တစ်ဦးတည်းသာလျှင် သိသည်။ သို့သော် ပါဝင်ပတ်သက်လာခြင်းအတွက် သင့်အကြောင်းပြချက်များကို ဓမ္မဓိဋ္ဌာန်ကျကျ ချင့်တွက်၍ ၎င်းတို့သည် ကျိုးကြောင်းဆီလျော်နေသေးကြောင်း တွေ့လျှင် သင်ပြုမူသင့်သည့် အကောင်းဆုံးလုပ်ရပ်မှာ သင်၏မာနကို မျိုချပြီး အဖွဲ့တွင် ပါဝင်နေသူတိုင်း လက်ခံနိုင်လောက်သည့် အဖြေတစ်ခုကို ရှာရန်ဖြစ်သည်။ ၎င်းကို သင်မလုပ်နိုင်လျှင် ပူးပေါင်းဆောင်ရွက်မှုမှ ထွက်ခွာရန် သင့်အတွက် အချိန်ကျရောက်နေခြင်းဖြစ်နိုင်ပြီး သင့်ရည်မှန်းချက်ဆီသို့ အရောက်လှမ်းရန် အခြားလမ်းကြောင်းကို ရှာရမည်ဖြစ်သည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

အဖွဲ့အစည်းတစ်ခုတွင် မည်သည့်အချိန်၌ အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်သင့်သည်။ မည်သည့်အချိန်၌ နုတ်ထွက်သင့်သည်ကို သိခြင်းအတွက် ကိုယ်ပိုင်တွေးဆဆင်ခြင်မှုနှင့် ထိုးထွင်းအမြင်ကို လိုအပ်သည်။ တစ်ခါတစ်ရံ၌ အသင်းအဖွဲ့များသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ စိတ်ကို ဆွဲဆောင်နိုင်စွမ်းရှိသော်လည်း ကျွန်ုပ်တို့၏ ကိုယ်ပိုင်ရည်မှန်းချက်များနှင့် ကိုက်ညီမည့် ပင်ကိုလက္ခဏာမျိုးမရှိပေ။ ကျွန်ုပ်တို့သည် ကိုယ့်နေရာမဟုတ်ဘဲ ရောက်နေကြောင်း တွေ့ရသည့်အခါ ကျွန်ုပ်တို့၏တည်ရှိမှုနှင့် အဖွဲ့တစ်ခုလုံးကို စိတ်မသက်မသာဖြစ်စေခြင်းထက် စွန့်ခွာစရာရှိသည်ကို စွန့်ခွာ၍ ရှေ့ဆက်သွားခြင်းက ပိုကောင်းပါသည်။ နေရာလွဲမှုမျိုးမှာ ဖြစ်တတ်ပါသည်။ ဤကဲ့သို့ အခြေအနေမျိုးနှင့် သင် ကြုံခဲ့ရသည့်အဖြစ်ကို သတိရလိမ့်မည်ဟု ကျွန်ုပ် ပြောရဲပါသည်။ ကံကောင်းထောက်မသည်မှာ ဤကိစ္စက ဖြေရှင်းရန် လွယ်ကူခြင်းဖြစ်သည်။ ဤအဖွဲ့က သင်၏ ကိုယ်ပိုင်ရည်မှန်းချက်နှင့် မကိုက်ညီဟုသာပြော၍ ရှေ့ဆက်သွားလိုက်ပါ။ ဤကဲ့သို့ ဆုံးဖြတ်ချက်မျိုးကို 'Holy No' (ဟင့်အင်း လုံးဝပဲ) ဟုခေါ်ကြောင်း ကြားဖူးပြီး အဘယ့်ကြောင့်ဆိုသည်ကို ကျွန်ုပ် နားလည်နိုင်ပါသည်။ ကျွန်ုပ်တို့အတွက် စစ်မှန်သော

အသုံးဝင်မှုမရှိသည့် တစ်စုံတစ်ရာ၌ ပူးပေါင်းပါဝင်ရန် ငြင်းပယ်သည့်အခါ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ပင်ကိုသဘာဝကို အစစ်အမှန်ခံစားချက်အတိုင်း ပြသသောကြောင့်ဖြစ်သည်။

❑

ပူးပေါင်းဆောင်ရွက်ခြင်း

အခြားသူများနှင့် သင် သဘောမညီနိုင်လျှင်ပင် အနည်းဆုံး သူတို့နှင့် ခိုက်ရန်မဖြစ်အောင် ရှောင်ကြဉ်နိုင်ရမည်။

နပိုလီယံဟေးလ်

အဆင်ပြေပြေ သဘောကွဲလွဲရန် သဘောတူခြင်း

တစ်စုံတစ်ယောက်နှင့် သဘောထားကွဲလွဲသည့်အခြေအနေသို့ သင်ရောက်နေသည့်အခါ ယင်းအချိန်၌ ဘာမှမလုပ်ခြင်းက တစ်ခုခုလုပ်ခြင်းထက် ပိုကောင်းသည့် တစ်ခုတည်းသော အချိန်ဖြစ်နိုင်သည်။ ဤအတွက်လက်တွေ့ကျသည့် အကြောင်းပြချက်ရှိပါသည်။ တစ်စုံတစ်ယောက်နှင့် သင် သဘောချင်းကွဲလွဲသည့်အခါ အငြင်းအခုံကို သင် အနိုင်ရလျှင်ပင် သင်သည် မိမိကိုယ်ကိုယ် ကြီးမားသော ဖိစီးမှုရအောင် လုပ်လိုက်ခြင်းဖြစ်သည်။ သင်၏အတွေးများကို လွှမ်းမိုးခြယ်လှယ်ထားသော အမုန်းနှင့် ဒေါသကဲ့သို့ အဆိုးမြင်စိတ်ခံစားချက်များကို ခွင့်ပြုထားသည့်အခါ အကောင်းမြင်စိတ်သဘောထားကို ထိန်းထားရန် မဖြစ်နိုင်ပါ။

သင်က ခွင့်မပြုသရွေ့ မည်သူကမှ သင့်ကို စိတ်ပျက်အောင်၊ ဒေါသထွက်အောင် မလုပ်နိုင်ပါ။ အခြားသူများနှင့် အငြင်းအခုံလုပ်မည့်အစားခြိမ်းခြောက်မှုမဆန်သော မေးခွန်းများကို ကြိုးစားမေးကြည့်ပါ။ ဥပမာ-

"ဘာကြောင့် ခင်ဗျား ဒီလိုခံစားရတာလဲ"၊ "ခင်ဗျား စိတ်ဆိုးအောင် ကျွန်တော် ဘာများလုပ်မိလို့လဲ"၊ "ကျွန်တော် ဘာကူညီပေးနိုင်မလဲ" စသည့် မေးခွန်းများဖြစ်သည်။ အခြေအနေတစ်ခုလုံးက အလျင်အမြန်ပြုပြင်နိုင်သော နားလည်မှုလွဲခြင်း သက်သက်၏ ရလဒ်ပင်ဖြစ်ကြောင်း သင် တွေ့ရလိမ့်မည်။ ပြဿနာများက ပို၍ဆိုးဝါးလျှင်ပင် သင်အပြုသဘောဆောင်သော လုပ်ဆောင်မှုက ၎င်းတို့ကို ဖြေရှင်းရာ၌ အကူအညီဖြစ်စေပါလိမ့်မည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

လူတစ်ယောက်နှင့် သင် သဘောမညီရုံမျှဖြင့် သင့်ကို မည်သည့် လူစားမျိုးဟု အကဲဖြတ်၍မရကြောင်း သင့်ကိုယ်သင် သတိပေးပါ။ နေရာတစ်နေရာ၊ သို့မဟုတ် ရပ်တည်ချက်တစ်ခုခုကို ကျွန်ုပ်တို့ ယူသည့်အခါ ကျွန်ုပ်တို့၏ အဆုံးအဖြတ်ပေးရာလမ်း၌ ကျွန်ုပ်တို့၏ ပင်ကိုစရိုက်ကို ကြိမ်ဖန်များစွာပင် ဝင်ပါခွင့်ပေးတတ်ကြသည်။ သင်ပြုလုပ်သော ဆုံးဖြတ်ချက်များတွင် ပုဂ္ဂိုလ်ရေးအရ မပါဝင်မိအောင် သင့်ကိုယ်သင်ဖယ်ရှားရန် လေ့ကျင့်ပါ။ ဤသို့ပြုလုပ်ရန်အတွက် အထူးတလည်အားထုတ်မှုကို လိုအပ်သည်။ သို့သော် သင် လုပ်နိုင်သွားပြီဆိုလျှင် ဆုံးဖြတ်ချက်ချခြင်း၏ နောက်ကွယ်မှ ဖိစီးမှုများကို သင် ဖယ်ရှားပစ်နိုင်မည်ဖြစ်သည်။

❑

ပူးပေါင်းဆောင်ရွက်ခြင်း

အငြင်းအခုံဆက်ဖြစ်ရန် အနည်းဆုံး လူနှစ်ယောက်
လိုသည်ကို သတိရပါ။

နပိုလီယံဟေးလ်

အပြုသဘောဆောင်သော ဖြေရှင်းချက်တစ်ခုကို ရှာပါ

အပြင်းအထန် သဘောကွဲလွဲမှုဖြစ်နေချိန်၌ ထိုသို့ဖြစ်ရန် ဘက်နှစ်ဖက် လိုသည်ဆိုသောအချက်ကို သတိပြုမိရန် ခက်ပါသည်။ သင်က အားလုံးနှင့် သဘောညီမျှနေလျှင် မည်သူကမှ သင်နှင့် သဘောထားကွဲလွဲနိုင်မည် မဟုတ်ပါ။ သင်၏ကိုယ်ပိုင်မူကို အလျှော့ပေးလိုက်ရမည်ဟု မဆိုလိုပါ။ အစပိုင်းတွင် သင်နှင့် သဘောမညီနိုင်သော အခြားသူများနှင့် သင့်ကို အကျိုးဖြစ်ထွန်းအောင် အလုပ်လုပ်နိုင်စေသော အခြေခံတူညီမှုကို ရှာဖွေနေရင်းမှာပင် သင်၏ ယုံကြည်ချက်များအတိုင်း လိုက်ပါနေထိုင်ရန်လည်း ဖြစ်နိုင်ပါသည်။

အခြားသူများက သင်နှင့်ပတ်သက်၍ (သို့မဟုတ်) သင်ပါဝင်သော အခြေအနေတစ်ခုနှင့်ပတ်သက်၍ စိတ်အနှောင့်အယှက်ဖြစ်ရသည့်အခါ သူတို့ မည်သို့ခံစားရမည်ဆိုသည်ကို သင်နားလည်ကြောင်း သူတို့သိအောင် လုပ်ပါ။ ပြဿနာကို သူတို့ဘက်မှ ဝင်ကြည့်ပေးပါ။ မည်သည်က ပြဿနာရင်းမြစ်ဖြစ်သနည်း။ ပါဝင်သူအားလုံး စိတ်ကျေနပ်အောင် မည်ကဲ့သို့ ပြုမှု

ဖြေရှင်းနိုင်မည်နည်း။ ပြဿနာ၌ သင်မည်သို့ပါဝင်လာသနည်း။ အပြစ်ရှာရန် ကြိုးစားမည့်အစား ဖြေရှင်းစရာနည်းလမ်းကို ရှာဖွေကြည့်သောအခါ အခြားသူများကလည်း အလားတူတုံ့ပြန်ပြုမူလာနိုင်ပါသည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

ပြဿနာပွဲစားမဟုတ်ဘဲ ဖြေရှင်းရန် နည်းလမ်းရှာသူသာ ဖြစ်ပါစေ၊ ကောင်းမွန်သည့်ရလဒ်ကိုသာ အမြဲအလေးထားရန် သတိရလျှင် ကောင်းမွန်သည့်ရလဒ်များကို ကျွန်ုပ်တို့ အမြဲဖန်တီးနိုင်ပါလိမ့်မည်။ လူပုဂ္ဂိုလ်မှ အခြေအနေအထိ အလေးထားအာရုံစိုက်မှုကို ချိန်ညှိရန် သတိရပါ။ အပြုသဘောဆောင်သောဖြေရှင်းချက်က အောင်မြင်မှုရရန် ပိုလွယ်ကူကြောင်း သင်တွေ့ရပါလိမ့်မည်။

❑

ပူးပေါင်းဆောင်ရွက်ခြင်း

ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခြင်းသည် မာရ်နတ်၏အလုပ်တွင် မပါပေ။ သူသည် အခြားတစ်ဖက်တွင်သာ လုပ်ဆောင်နေသည်။

နပိုလီယံဟေးလ်

ထိန်းချုပ်ပါ

အမြင့်မြတ်ဆုံးသော လူအချင်းချင်းဆက်ဆံရေးတို့သည် လိုက်လျောညီထွေ ပူးပေါင်းဆောင်ရွက်သည့် စိတ်ဓာတ်တွင် အခြေခံဖွဲ့စည်းလာခြင်းဖြစ်သည်။ နည်းလမ်းအမျိုးမျိုးနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် သင့်မိတ်ဆွေအပေါင်းအသင်းအတွက် သင်၏အလေးထားဂရုစိုက်မှုကို ကိုယ်နှုတ်အမူအရာနှင့် ပြသပေးခြင်းဖြစ်သည်။ သင်သည် အခြားသူများနှင့် ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်သည့်အခါ ဘာသာအများစုနှင့် အောင်မြင်သော လူ့အဖွဲ့အစည်းများအားလုံးတို့၏ အခြေခံကိုယ်ကျင့်တရားများအတိုင်း ပြုမူနေထိုင်လိုက်ခြင်းပင်ဖြစ်သည်။ လူတိုင်းတွင် အားကျစိတ်၊ မနာလိုစိတ်တို့သည် အခါအားလျော်စွာ ဝင်လာတတ်သည်။ ထိုစိတ်တို့နှင့် အတူ ကျွန်ုပ်တို့ မနှစ်လိုသောလူများအတွက် အခက်အခဲ၊ သို့မဟုတ် ပြဿနာကို ဖြစ်စေလိုသောဆန္ဒသည် ကပ်လျက်ပါလာသည်။ အမှန်တကယ် အောင်မြင်သောလူတို့သည် ထိုဆန္ဒမျိုးကို ထိန်းချုပ်နိုင်အောင် လေ့ကျင့်

ထားကြသည်။ မိမိ၏ရည်မှန်းချက်များကိုသာ အာရုံထား၍ ထိုရည်မှန်းချက်များကို ဆောင်ရွက်ရာလမ်းတစ်လျှောက်၌ အခြားသူများကို ကူညီပြီး သွားမည်ဆိုပါက နောက်ဆုံးတွင် သူတို့၏ပန်းတိုင်ကို ရောက်ရှိမည်ဖြစ်ကြောင်း သူတို့သိကြသည်။ ရင်းနှီးနှစ်လိုဖွယ်ကောင်းသူ၊ ပူးပေါင်းဆောင်ရွက်တတ်သူတစ်ယောက် အမြဲဖြစ်ရန် မလွယ်ကူပါ။ သို့သော် နောက်ဆုံးတွင် အားထုတ် ကြိုးပမ်းရကျိုးနပ်ကြောင်း သင် တွေ့ရပါလိမ့်မည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

ကျွန်ုပ်တို့၏စိတ်ကို ချုပ်ထိန်းခြင်းဖြင့် ကျွန်ုပ်တို့၏ ရလဒ်ကို ချုပ်ထိန်းနိုင်သည်။ တစ်စုံတစ်ယောက်ကို စိတ်လိုက်မာန်ပါ ဆက်ဆံဖူးပါသလား။ ထိုသို့လုပ်ခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးရရှိပါသနည်း။ ထိန်းချုပ်မှုလွတ်သွားခြင်းဖြင့် သင့်ကိုယ်သင် အကောင်းဆုံး ကိုယ်နှုတ်အမူအရာရှိအောင် မနေထိုင်နိုင်ကြောင်း ပြသလိုက်ခြင်းပင်ဖြစ်သည်။ သင့်မှာ ဆင်ခြေတက်စရာစကား ရှိချင်ရှိမည်။ သို့သော် သင်ဖြစ်ချင်သည့်အတိုင်း ဖြစ်ပါသလား။ ပြဿနာတစ်ခုကို ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဆွေးနွေးခြင်းတို့ပါဝင်သည်။ သဘောထားသေးသိမ်ခြင်းနှင့် ကျယ်ကျယ်လောင်လောင်အသံများ မပါဝင်သင့်ပေ။ သင် စိတ်လိုက်မာန်ပါမလုပ်မီ နောက်ဆုံးတွင် မည်သူက နစ်နာရမည်ဆိုသည်ကို အရင်စဉ်းစားပါ။

❑

ပူးပေါင်းဆောင်ရွက်ခြင်း

ကြာရှည်တည်တံ့သော အောင်မြင်မှုအားလုံးသည် သဟဇာတဖြစ်သော လူသားချင်းဆက်ဆံရေးမှ အခြေတည်လာခြင်းဖြစ်သည်။

နပိုလီယံဟေးလ်

ပြီးပြည့်စုံသော လိုက်ဖက်ညီမှု

မဟာမိတ်ဖွဲ့ခြင်းဆိုသည်မှာ တူညီသောရည်မှန်းချက်တစ်ခုကို ရရှိအောင်မြင်ရန် လူနှစ်ဦး (သို့မဟုတ်) ယင်းထက်ပိုသော လူအရေအတွက်တို့ လိုက်ဖက်ညီညီ အတူတကွအလုပ်လုပ်ဆောင်ကြခြင်းဖြစ်သည်။ ဤသို့မိတ်ဖက်ပြုခြင်းမျိုးက ပါဝင်သူတစ်ဦးစီတိုင်းကို သီးခြားပြုလုပ်လျှင် ရရှိနိုင်မည့် အောင်မြင်မှုမျိုးထက်ပင် ကျော်လွန်၍ စွမ်းဆောင်နိုင်စွမ်းသော မဟာအင်အားကို ဖန်တီးပေးနိုင်သည်။ သင်၏မိတ်ဖက်ကို ဂရုတစိုက်ရွေးချယ်ပါ။ သင့်မှာမရှိသော အားသာချက်ရှိသည့်လူများနှင့် ပူးပေါင်းဆောင်ရွက်ပါ။ ဥပမာ– သင်သည် ညာဘက်ဦးနှောက်သမားဖြစ်လျှင် လက်တွေ့ကျမှုကို ဦးစားပေးသော ဘယ်ဘက်ဦးနှောက်သမားတစ်ယောက်က သင်၏တီထွင်ဖန်တီးနိုင်စွမ်းသော အထုံပါရမီအတွက် ပြီးပြည့်စုံသော ဘက်ညီမှုဖြစ်လိမ့်မည်။ ဖော်ပြပါအားလုံးအပြင် အရေးကြီးသည်မှာ တူညီသော ထွန်းပေါက်အောင်မြင်မှုအဆင့်အတွက် ထားသော သင်၏ ကောင်းမွန်သော

တန်ဖိုးစံနှုန်းနှင့် စူးစိုက်မြှုပ်နှံမှုတို့ကို မျှဝေယူသည့် လူများနှင့်သာ ပူးပေါင်းဆောင်ရွက်ရန် ရွေးချယ်ရမည်ဖြစ်သည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

အောင်မြင်သော မဟာမိတ်ပြုခြင်းအတွက် သော့ချက်မှာ ပါဝင်သူများအားလုံး လိုက်ဖက်ညီညီ လုပ်ဆောင်ကြခြင်းဖြစ်သည်။ ပါဝင်သူတစ်ဦးစီတိုင်းသည် မဟာမိတ်အဖွဲ့ကို အကောင်းမွန်ဆုံး ပံ့ပိုးပေးရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် အဖွဲ့အစည်းတစ်ခုလုံး အကျိုးအမြတ်များရမည်ဖြစ်သည်။ ရည်မှန်းချက်တစ်ခု ရရှိအောင်မြင်ရန်အတွက် မဟာမိတ်ဖွဲ့ခြင်းကို သင် အဘယ့်ကြောင့် မပြုလုပ်နိုင်ရမည်နည်း။ အများအားဖြင့် ပါဝင်သည့် လူဦးရေနည်းလေ ကောင်းလေဖြစ်သော်လည်း သင့်ရည်မှန်းချက်၏ အတိုင်းအတာ ပမာဏအပေါ်အခြေခံ၍ အဖွဲ့ဝင် မည်မျှလိုအပ်မည်ဆိုသည်ကို သင် ဆုံးဖြတ်နိုင်သည်။ မည်သည့်ပေးလျော်မှုမျိုးကိုမဆို ညီမျှစွာပေးရမည်ဆိုသည်ကိုလည်း မှတ်သားထားပါ။ ညီမျှသည်ဆိုရာဝယ် တူခြင်းကို ဆိုလိုခြင်းမဟုတ်ပေ။ လက်ခံသူ၏စိတ်တွင် ညီမျှသည်ဟု အသိအမှတ်ပြုသော မည်သည့်အရာကိုမဆို ဆိုလိုခြင်းဖြစ်သည်။ စီစဉ်မှုကောင်းသော မဟာမိတ်အဖွဲ့တစ်ဖွဲ့က ရည်ရွယ်သည့်ပန်းတိုင်များကို လျင်မြန်စွာ အကောင်အထည်ဖော်ပြီးမြောက်နိုင်သည်။ အရေအတွက်တွင် ထူးဆန်းအံ့သြဖွယ်ရာ ပဋ္ဌလက်အစွမ်းရှိသည်။

❑

ပူးပေါင်းဆောင်ရွက်ခြင်း

အခြားသူများက သင့်ကိုပြုသောကျေးဇူးကို သင်က အသိအမှတ်ပြုလျှင် စကားလုံးနှင့်သာမက အပြုအမူနှင့်ပါ ပြသပြောပြပါ။

နပိုလီယံဟေးလ်

အလုပ်ဖြင့် မျိုးစေ့ချပါ

ဘဝတွင် ငွေရေးကြေးရေးနှင့် ပုဂ္ဂိုလ်ရေးအရ အကြီးကျယ်ဆုံး အောင်မြင်မှုကို ရရှိကြသည့်လူများသည် လုပ်ငန်းလုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေများ၊ ဘဝတူအလုပ်သမားများ၊ အခြားသူများနှင့် ကြာရှည်ခိုင်မာသော ဆက်ဆံရေးကို တည်ဆောက်နိုင်ကြသူများဖြစ်ကြသည်။ ၎င်းတို့သည် အထိအတွေ့၊ အဆက်အဆံမပျက်ရန်အတွက် အချိန်ယူ ဒုက္ခခံကြပြီး တစ်စုံတစ်ယောက်က ၎င်းတို့အတွက် ကောင်းရာကောင်းကျိုးတစ်ခုခုကို လုပ်ဆောင်ပေးသည့်အခါ ကျေးဇူးတုံ့လှယ်မှုပြုဖြစ်အောင် ပြုကြသည်။ မိမိကစပြီး မိတ်ဆွေကောင်းတစ်ယောက်ပီပီ နေထိုင်ပြခြင်းဖြင့် သင်၏ ပုဂ္ဂလိကနှင့် လုပ်ငန်းခွင်နယ်ပယ်၌ မိတ်ဆွေအပေါင်းအသင်းကွန်ရက်ကို တည်ဆောက်ပါ။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

ရင်းနှီးချစ်ကြည်မှုကို တည်ဆောက်ရန် နည်းလမ်းများရှာပါ။ ဤအရာများအတွက် တန်ဖိုးကြီးပေးဆပ်ရန် မလိုအပ်သလို အချိန်ကုန်ခံစရာလည်းမလိုပါ။ တစ်ကြိမ်လျှင် ဆောင်ရွက်မှုတစ်ခုဖြင့် အဓွန့်ရှည်မည့် ဆက်ဆံရေးကို တည်ဆောက်ရန် သင် အလေးထားကြောင်းကို ပြသသော အသေးအဖွဲကိစ္စလေးများ လုပ်ဆောင်ပေးရုံဖြင့်ရပါသည်။ ကြိုးစားကြည့်လိုက်ပါ။ မိတ်ဆွေတစ်ယောက်ကို အမှတ်တရရှိကြောင်း ပြသရန် ယနေ့ သင် ပြုမြဲထုံးစံမှ ကျော်လွန်ဆောင်ရွက်ကြည့်ပါ။ ဖုန်းတစ်ချက်လောက် ဆက်လိုက်ပါ (သို့မဟုတ်) အီးမေးလ်ဖြင့် နှုတ်ဆက်ပါ။ အထိမ်းအမှတ်လက်ဆောင်တစ်ခုခုပို့ပေးပါ။ ကော်ဖီအတူသောက်ရန်ခေါ်ပါ။ သင်က မိတ်ဆွေများအတွက် အချိန်ပေးသည့်အခါ ထိုမှရရှိသော အသီးအပွင့်ကို သင်ကိုယ်တိုင် ခံစားရပါလိမ့်မည်။

ပူးပေါင်းဆောင်ရွက်ခြင်း

ဖိအားပေးခြင်းကြောင့် ပူးပေါင်းဆောင်ရွက်ရခြင်းက အရှုံးနှင့် အဆုံးသတ်သွားချိန်၌ ဆန္ဒညီသော ပူးပေါင်းဆောင်ရွက်ခြင်းက တည်မြဲသည့်စွမ်းပကားကို ဖြစ်စေသည်။

နပိုလီယံဟေးလ်

ရှေ့ပဒေသ

လူထုကို မမျှမတ ဆက်ဆံခြင်းအပေါ် အခြေခံသော မည်သည့် တိုးတက်သည့် လူမှုအဖွဲ့အစည်းမဆို ရေရှည်မတည်မြဲပေ။ အာဏာရှင်တစ်ဦးတစ်ယောက်က အချိန်ကာလတစ်ခုအားဖြင့် အခြားသူများကို ဖိအားပေး ပူးပေါင်းဆောင်ရွက်စေခြင်းမျိုး ရှိနိုင်သော်လည်း ထိုအာဏာသည် ကြာရှည်မခံနိုင်ပေ။ လူတို့သည် သူတို့နှင့်ထိုက်တန်သော လေးစားမှုကို ပေးအပ်ခံရမှသာလျှင် အောင်မြင်သောအဖွဲ့အစည်းများနှင့် လူ့အသိုင်းအဝိုင်းများကို စိတ်ပါလက်ပါ ဖန်တီးထိန်းသိမ်းကြပေမည်။ သင်သည် အဖွဲ့ဝင်တိုင်းအတွက် မျှတမှုအပေါ်တွင် အခြေခံသောကုမ္ပဏီတစ်ခု (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုကို သင် တည်ဆောက်သောအခါ သင်သည် ကြာရှည်ခံမည့် အခွင့်အာဏာကို ထူထောင်လိုက်ခြင်းဖြစ်သည်။

ပူးပေါင်းဆောင်ရွက်ခြင်းမှ အခြားသူများ ခွဲထွက်မသွားဘဲ စွဲစွဲမြဲမြဲ

လုပ်ကိုင်စေရန် အကောင်းဆုံးနည်းလမ်းမှာ ရိုးရှင်းသော ရွှေဥပဒေသကို အသုံးချခြင်းပင်ဖြစ်သည်။ ၎င်းသည် ပေါ်ပေါက်ခဲ့သမျှတွင် အအောင်မြင်ဆုံးနှင့် ကြာရှည်အခံဆုံး စီမံခန့်ခွဲမှု သီအိုရီဖြစ်သည်။ အခြားသူနေရာ၌ ဝင်ကြည့်ကာ သင်သာ သူတို့နေရာမှာဆို ဆက်ဆံခံချင်သည့်ပုံစံအတိုင်း သူတို့ကို သင်က ဆက်ဆံပေးသည့်အခါ သစ္စာရှိ၍ နီးကြားတက်ကြွသော ပူးပေါင်းဆောင်ရွက်မှုဖြစ်အောင် သင် လှုံ့ဆော်ပေးနိုင်ပါလိမ့်မည်။ သင့်ကိုယ်သင်နှင့် အခြားသူများအတွက် စံနှုန်းမြင့်မြင့်သတ်မှတ်ပါ။ သူတို့ကို ကောင်းကောင်းဆက်ဆံပါ။ သူတို့အလုပ်ကို သူတို့လုပ်ပါစေ။ သူတို့က သင့်အတွက် ထူးဆန်းအံ့ဩဖွယ်ရာများကို ဆောင်ရွက်ပေးပါလိမ့်မည်။

အောင်မြင်မှုအတွက် ဆောင်ရွက်ချက်

ဟောင်းချင်ဟောင်းမည်။ ရိုးချင်ရိုးနေမည်။ သို့သော် ရွှေဥပဒေသကသာ သင်၏ဘဝတစ်လျှောက် လူအများနှင့်ဆက်ဆံရာ၌ အကောင်းတကာ့အကောင်းဆုံးနည်းလမ်းဖြစ်သည်။ သင့်အား ဆက်ဆံစေချင်သလို အခြားသူများအပေါ် ဆက်ဆံပေးခြင်းဖြင့် သင်လိုချင်သည့် အပြုအမူ၏စံပုံစံကို ပြသပေးရာရောက်သလို ကောင်းမွန်သည့် ခံစားချက်များ တစ်ပတ်ပြန်လည်လာအောင် ဖန်တီးရာရောက်ပါသည်။ သူတစ်ပါးအပေါ် သင် ဆက်ဆံသည့်ပုံစံကို သင်ဆိုလျှင် မည်သို့ခံစားရမည်နည်းဟု သင့်ကိုယ်သင် မေးကြည့်ပါ။ အဖြေက အကောင်းဘက်မဟုတ်လျှင် သင်၏အပြုအမူများကို ပြန်သုံးသပ်ပြီး တိုးတက်မှုရှိလာအောင် လုပ်ပါ။ သင့်ကြောင့် စိတ်ထိခိုက်ရသည်ဟု တစ်ယောက်ယောက်က ပြောလာမည့်အချိန်ကို အဘယ့်ကြောင့် စောင့်နေရမည်နည်း။ သင် ဘာမှမလုပ်ခင် ရွှေဥပဒေသကို အရင်စဉ်းစားပါ။ ပြီးမှ လုပ်ကြည့်ပါ။ ကောင်းမွန်သောရလဒ်များ ထွက်လာပါလိမ့်မည်။

❑